# မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေး
# မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ
# ၂၀၂၅ ခုနှစ်



*မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ ၂၀၂၅ ခုနှစ် ပါဝင်သည်။*

LANDMINE & CLUSTER MUNITION

# MONITOR

ငြိမ်းချမ်းရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ပြီး ရန်လိုမှုများ ရပ်စဲနိုင်သော်လည်း မြေမြှုပ်မိုင်းများနှင့် စစ်ပွဲအတွင်း ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များ (ERW) သည် ပဋိပက္ခ၏ ရေရှည်တည်တံ့နေမည့် အမွေအနှစ်တစ်ခုဖြစ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ICBL-CMC အတွက် သုတေသနလုပ်ငန်းများပံ့ပိုးပေးသော လူထုအခြေပြုအားထုတ်မှုတခုဖြစ်သည်။ ၁၉၉၉ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်များမှစ၍ ကမ္ဘာအဝှမ်း မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ပြဿနာနှင့် အဖြေများကို အစီရင်ခံလာခဲ့သည်။

Monitor အဖွဲ့သည် မိုင်းတားဆီးပိတ်ပင်ရေးသဘောတူစာချုပ်နှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ သဘောတူစာချုပ်၏ အဓိက စောင့်ကြည့်လေ့လာရေး ယန္တရား တစ်ခုဖြစ်လာပြီး များစွာသော အလားတူ အခြေအနေများတွင် အသုံးပြုလာနိုင်သည့် လူထုအခြေပြု စစ်ဆေးရေးလုပ်ငန်း သဘောတရားတစ်ခု၏ တောက်ပသော သာဓကတစ်ခုလည်း ဖြစ်လာသည်။

ကမ္ဘာတစ်ဝှမ်းမှ လူပုဂ္ဂိုလ်များ၊ လှုံ့ဆော်မှုများနှင့် အဖွဲ့အစည်းများ၏ ကျယ်ပြန့်သောကွန်ရက်များသည် Monitor ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနလုပ်ငန်းကို အထောက်အကူပြုသည်။ Monitor သည် တစ်ကမ္ဘာလုံးအတွက် အကျိုးရှိစေရန် ၎င်းစောင့်ကြည့်လေ့လာသည့်အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်အမှန်များကို စိတ်ထားမှန်ကန်စွာ ပံ့ပိုးပေးသည်။ ၎င်းသည် အရေးကြီးသောအချက်ဖြစ်ပြီး ၎င်း၏ မှတ်တမ်းတင်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းများအတွက်ပါ အပြုသဘောဆောင်သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် သဘောတူစာချုပ်ဆိုင်ရာ နည်းပညာ အတည်ပြုစနစ် သို့မဟုတ် တရားဝင် စစ်ဆေးရေးယန္တရားတစ်ခု မဟုတ်ပေ။ ၎င်းသည် စာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ အစီရင်ခံမှု လိုအပ်ချက်များကို ဖြည့်စွက်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အစီရင်ခံစာများသည် မြေမြှုပ်မိုင်းအကျပ်အတည်း၏အခြေအနေနှင့် စာချုပ် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအတွင်း အစိုးရမူဝါဒများ သို့မဟုတ် အလေ့အကျင့်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

Monitor သည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများကြောင့် ဖြစ်ပွားသည့် ဘေးဒုက္ခများကို ချုပ်ငြိမ်းစေရန်နှင့်မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ကင်းစင်သောကမ္ဘာကို ထူထောင်နိုင်ရန် လူ့အသိုင်းအဝိုင်းအတွင်း ဆွေးနွေးမှုများ မြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ ယခုအစီရင်ခံစာတွင် မနှစ်ကအစီရင်ခံစာတွင်ပါဝင်သည့် ထိခိုက် ဒဏ်ရာရမှုနှင့် အထောက်အပံ့ အခန်းမှလွဲ၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ သတင်းအချက်အလက်များ ထည့်သွင်းထားသည်။ နှစ်စဉ်အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား Monitor က ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။

အကြောင်းအရာများနှင့်ပတ်သက်၍ မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန်အတွက်လည်း မိမိတို့ တောင်းဆိုပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်း အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

ဤနိုင်ငံအစီရင်ခံစာကို MineFreeMyanmar.info မှ ရိုက်နှိပ်ထုတ်ဝေပြီး PDF မိတ္တူများကို အင်တာနက်စာမျက်နှာတွင် ရရှိနိုင်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ။ ။ မြှုပ်မိုင်းကင်းကွာပြည်မြန်မာ။ (Mine Free Myanmar) မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းသက်ရောက်မှုဆိုင်ရာ ၂၀၂၄ ခုနှစ် နိုင်ငံလုံးဆိုင်ရာ မီဒီယာအနုပညာပြိုင်ပွဲမှ အနုပညာလက်ရာ။

**မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့**

**www.the-monitor.org ၊ www.burma.icbl.org**

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မိုင်းတားဆီးပိတ်ပင်ရေးပဋိညာဉ်ကို လက်ခံသဘောတူထားခြင်း မရှိပါ။[၃]

မိုင်းတားဆီးပိတ်ပင်ရေးပဋိညာဉ်စာချုပ်နှင့်ပတ်သက်၍ ပိုမိုဆောင်ရွက်ကြရန် မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်အနည်းငယ်က ကုလသမဂ္ဂအထွေထွေညီလာခံ၏ နှစ်ပတ်လည်ညီလာခံဆုံးဖြတ်ချက်တွင် မဲပေးရန်နှင့် ပူးပေါင်းပါဝင်ရန် စိတ်ဝင်စားမှု ပြသခဲ့သော်လည်း လူသတ်မိုင်းများကို ဆက်လက်ထုတ်လုပ်နေဆဲ၊ အသုံးပြုနေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်မဟုတ်သော အဖွဲ့အစည်းများ(NSAGs)သည်လည်း လူသတ်မိုင်းများကို ထုတ်လုပ်အသုံးပြုနေဆဲဖြစ်ပြီး၊ ၎င်းတို့ထဲတွင် လူထိပေါက်ကွဲမိုင်းများ နှင့် အစထွက်လူသတ်မိုင်းများလည်း ပါဝင်ပါသည်။ သတင်းမီဒီယာများတွင် ဖော်ပြချက်များနှင့် ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်များအရ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်းအသစ်အသုံးပြုမှုသည် သိသိသာသာ တိုးပွားလာပါသည်။(**အသုံးပြုမှု** အခန်းတွင် ကြည့်ပါ။)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဖွဲ့စည်းခဲ့ပြီး၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။[၂] ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော လွှတ်တော်အမတ်များသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။[၃] ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း မြန်မာနိုင်ငံအစိုးရများအဖြစ် ယှဉ်ပြိုင်ရပ်တည်နေကြသည့် အစိုးရအဖွဲ့နှစ်ဖွဲ့စလုံးသည် စာချုပ်တွင် ပါဝင်လက်မှတ် ရေးထိုးရန် ဆောင်ရွက်ခြင်း မရှိခဲ့ပါ။

အာဏာမသိမ်းခင်က မြန်မာအရာရှိများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာချက်များကို ထောက်ခံကြောင်း နှင့် မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ကို စိတ်ဝင်စားမှုရှိကြောင်းတို့ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။[၄] အနာဂါတ်တွင် ပါဝင်လက်မှတ်ထိုးနိုင်ရန်အတွက် စာချုပ်ကို လေ့လာနေပါကြောင်းလည်း မကြာခဏ ပြောကြားခဲ့ကြသည်။[၅] ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် "လူသတ်မြေမြှုပ်မိုင်းများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် လူများခံစားရသည်များကို အဆုံးသတ်နိုင်ရန် စာချုပ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း" နှင့် ၊ ထိုစာချုပ်ပါ လုပ်ငန်းစဉ်များကို "အာရုံစိုက်" လေ့လာနေပါကြောင်း ပြောကြားခဲ့ပါသည်။[၆]

၁။ ၁၉၈၉ ခုနှစ်တွင် ယခင်တပ်မတော်အစိုးရမှ နိုင်ငံအမည်ကို ဗမာမှ မြန်မာသို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိ လူမျိုးစုများနှင့် အခြားနိုင်ငံအများအပြားမှာ ယခုအချိန်ထိ ဗမာဟုသာ ဆက်လက်ခေါ်တွင်သုံးစွဲကြသည်။ ယခုအစီရင်ခံစာတွင် အချို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏အမည်များကို ၎င်းတို့၏ဒေသအသုံးအနှုန်းအတိုင်း အသီးသီးခေါ်ဝေါ်သုံးစွဲထားပါသည်။ ဥပမာအားဖြင့် ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု ဖော်ပြခြင်းမျိုးဖြစ်သည်။ ၂၀၁၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ဒေသအမည်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (UN) Myanmar Information Management Unit (MIMU)မှ သုံးနှုန်းသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ နောက်ထပ်သတင်းအချက်အလက်များအတွက် MIMU website ကိုကြည့်ရန်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ယာယီအစိုးရကို မြန်မာ့တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)မှ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ၏ တစိတ်တပိုင်းအနေဖြင့် မြန်မာနိုင်ငံရှိ အရေးပေါ်အခြေအနေအား ပယ်ဖျက်ခဲ့သည်။

၃။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ခံခဲ့ရသော်လည်း စစ်အာဏာသိမ်းမှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းခြင်းခံခဲ့ရသည့် လွှတ်တော်အမတ်များဖြစ်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်များဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ပါဝင်ဖွဲ့စည်းထားသည်။ NUG တွင် မြန်မာနိုင်ငံရှိ အချို့သော လူနည်းစု လူမျိုးစု အစုအဖွဲ့များမှ ကိုယ်စားလှယ်များလည်း ပါဝင်သည်။ ၂၀၂၁ ခုနှစ် မေလတွင် NUG သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)ဟု လူအများသိကြသော ခုခံစစ်များကို နိုင်ငံနဲ့တဝှမ်း ဖွဲ့စည်းခဲ့သည်။ PDF များအပါအဝင် ခုခံစစ်အများအပြားသည် ကိုယ်ထူကိုယ်ထဖွဲ့စည်းထားခြင်းဖြစ်ပြီး ၎င်းတို့နှင့် NUG ၏ချိတ်ဆက်မှုမှာ လျော့ရဲနေသေးသည်။

၄။ "လူသတ်မိုင်းများကြောင့်ဖြစ်သည့် ဘေးဒုက္ခများနှင့် သေကျေပျက်ဆီးမှုများကို အဆုံးသတ်ရန်၊ လူ့အသက်များကို ကယ်တင်ရန်နှင့် မျှော်လင့်ချက်နှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရန်တို့အတွက် လူသတ်မြေမြှုပ်မိုင်းအသုံးပြုမှုတားမြစ်ရေးပဋိညာဉ်ကို မြန်မာနိုင်ငံမှ အသိအမှတ်ပြုကြောင်း။ လူသားအပေါ် ကျရောက်လျက်ရှိသော ဘေးအန္တရာယ်များကို လျှော့ချရာ၌ ပဋိညာဉ်၏ ကမ္ဘာတလွှား လွှမ်းခြုံနိုင်မှုမှာလည်း အင်မတန်အရေးကြီးသည်ဟု ကျွန်ုပ်တို့မှ ယုံကြည်ပါကြောင်း။ ခိုင်မာသော ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းမှာ အနာဂတ်တွင် လူသတ်မြေမြှုပ်မိုင်းများ အသုံးပြုမှုအား ရပ်တန့်စေမည့် လုပ်ငန်းစဉ်အတွက်ကို အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော လုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း" ယခင်မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဝင်းမြတ်အေးမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ သဘောထားထုတ်ပြန်ချက်၊ Mine Ban Treaty Fourth Review Conference၊ Oslo၊ ၂၆ နိုဝင်ဘာ ၂၀၁၉။

၅။ Myanmar Explanation of Vote on Resolution L.45, ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) First Committee on Disarmament and International Security၊ New York၊ ၆ နိုဝင်ဘာလ ၂၀၁၉၊ စာမျက်နှာ-၁။ ၎င်းသည် ယမန်နှစ်မှ ထုတ်ပြန်ချက်နှင့် အားလုံးနီးပါး တူညီသည်။ Myanmar Explanation of Vote on Resolution L.53၊ UNGA First Committee၊ NewYork၊ ၈ နိုဝင်ဘာ ၂၀၁၈။ Myanmar Explanation of Vote on Resolution L.40, UNGA First Committee၊ NewYork၊ ၃၁ အောက်တိုဘာ ၂၀၁၇၊ စာမျက်နှာ- ၁၈-၁၉ နှင့် ၂၉တွင် ကြည့်ရန်။

၆။ မြန်မာနိုင်ငံ၏ သဘောထားထုတ်ပြန်ချက်၊ အွန်လိုင်းမှကျင်းပခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ မိုင်းတားဆီးပိတ်ပင်ရေး ပဋိညာဉ်ဆိုင်ရာ (၁၈) ကြိမ်မြောက် အစည်းအဝေး၊ ၁၆ နိုဝင်ဘာ ၂၀၂၀။

မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် ဖြစ်ပေါ်လာစေခဲ့သည့် ၁၉၉၆-၁၉၉၇ အော့တဝါလုပ်ငန်းစဉ် (Ottawa Process) တွင် မြန်မာနိုင်ငံ မပါဝင်ခဲ့ပါ။ စာချုပ်နှင့်သက်ဆိုင်သည့် အစည်းအဝေးများတွင် လေ့လာသူအဖြစ် ပါဝင်ခဲ့သည်။[၇] ၂၀၁၉ ခုနှစ် စတုတ္ထအကြိမ်မြောက် ပြန်လည်သုံးသပ်ရေး ညီလာခံနောက်ပိုင်းတွင်၊ စာချုပ်နှစ်ပတ်လည် အစည်းအဝေးများ အားလုံးကို တက်ရောက်ခဲ့ပါသည်။ မကြာသေးခင်အချိန်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဂျီနီဗာ၌ ကျင်းပသော (၂၁) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဂျီနီဗာရှိ မြန်မာသံရုံးမှ ကိုယ်စားလှယ်များသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် ဂျီနီဗာ၌ ပြုလုပ်သော စာချုပ်၏ ကြားကာလ အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်၊ တတိယအကြိမ်အဖြစ် မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်တွင် နိုင်ငံအားလုံး ပါဝင်လာစေရန် မြှင့်တင်သည့် အဓိကကျသော ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) နှစ်ပတ်လည်ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲ ပေးခဲ့သည်။[၈] ၁၉၉၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း၊ စာချုပ်ကို မြှင့်တင်သည့် နှစ်ပတ်လည် UNGA ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံက မဲမပေးဘဲနေခဲ့သည်။[၉] ယခုကဲ့သို့ မဲပေးမှုပြောင်းလဲခြင်းအတွက် မြန်မာနိုင်ငံက ရှင်းလင်းချက် တစုံတရာ မပေးခဲ့ပါ။

အရပ်ဘက်အဖွဲ့အစည်းများ ဦးဆောင် "Mine-Free Myanmar" သည် Landmine Monitor 2024 အစီရင်ခံစာ၏ မြန်မာဘာသာပြန်ကို ၂၀၂၅ ခုနှစ် ဖန်နဝါရီလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ကာ ထုတ်ပြန်ခဲ့သည်။[၁၀] Mine-Free Myanmar သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဆီယမ်ရိပ်၌ ကျင်းပသော ပဉ္စမအကြိမ်မြောက် ပြန်လည်သုံးသပ်ရေးညီလာခံတွင် မြန်မာနိုင်ငံရှိ မိုင်းဒဏ်သင့်ဒေသများမှ အနုပညာရှင်များ၏ လက်ရာများကို ပြသခဲ့သည်။[၁၁] ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂ (UN) ၏ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (MIMU) သည် Landmine Monitor မှ ပံ့ပိုးပေးသော အချက်အလက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ မိုင်းဒဏ်သင့်ဒေသများပြ မြေပုံအသစ်နှင့် မိုင်းအန္တရာယ်သက်ရောက်မှု အသေးစိတ်ဂရပ် ဖော်ပြချက် (infographics) များကို ထုတ်လုပ်ခဲ့သည်။[၁၂]

၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ကျင်းပသော စာချုပ်၏ ပဉ္စမအကြိမ်မြောက် ပြန်လည်သုံးသပ်ရေးညီလာခံတွင် International Campaign to Ban Landmines (ICBL) အဖွဲ့သည် မြန်မာနိုင်ငံတွင် လူသတ်မိုင်းအသစ်များ အသုံးပြုနေခြင်းကို ရှုတ်ချခဲ့ပြီး အားလုံးသောအစိုးရများအနေဖြင့် ဤအသုံးပြုမှုကို ပြင်းပြင်းထန်ထန် ရှုတ်ချကြရန် တောင်းဆိုခဲ့ သည်။[၁၃]

## ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း

မြန်မာစစ်တပ်လက်အောက်တွင် လည်ပတ်နေသော၊ ကပစ ဟုသိထားကြသည့် နိုင်ငံပိုင်လုပ်ငန်း၊ မြန်မာ့ ကာကွယ်ရေးပစ္စည်းစက်ရုံသည် အနည်းဆုံး လူသတ်မိုင်း ငါးမျိုးကို ထုတ်လုပ်ပါသည်၊ ၎င်းမိုင်းအမျိုးအစားများမှာ - MM1, MM2, MM3, MM5

---

၇။ မြန်မာနိုင်ငံသည် ယခင်က ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၁-၂၀၁၃ နှင့် ၂၀၂၀-၂၀၂၃ ခုနှစ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။ ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးများကိုမူ မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ခြင်းမရှိခဲ့ပါ။ ၂၀၁၃-၂၀၁၄၊ ၂၀၁၆၊ ၂၀၁၉ နှင့် ၂၀၂၁ ခုနှစ် ဂျီနီဗာမြို့ရှိ ကဏ္ဍစုံအစည်းအဝေးများကို မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့သည်။

၈။ "Implementation of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction"၊ UNGA Resolution၊ ၇၉/၃၄၊ ၂ ဒီဇင်ဘာ ၂၀၂၄။

၉။ မြေမြှုပ်မိုင်းများ တားဆီးပိတ်ပင်ရေး နိုင်ငံတကာသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အစိုးရများကို တောင်းဆိုထားသည့် UNGA ဆုံးဖြတ်ချက်အား မြန်မာနိုင်ငံမှ ၁၉၉၆ ခုနှစ်တွင် ထောက်ခံမဲပေးခဲ့သည်။ နှစ်ပတ်လည်ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံမှ မဲပေးခဲ့မှုမှတ်တမ်းအတွက် United Nations (UN) Voting Data တွင်ကြည့်ရန်။

၁၀။ မြန်မာနိုင်ငံ မိုင်းကင်းစင်ရေးလှုပ်ရှားမှုသည် ကနဦးတွင် "Halt Mine Use in Burma/Myanmar" အဖြစ် အသိများခဲ့သည်။ Mine-Free Myanmar website တွင် ကြည့်ရန်။

၁၁။ ပြပွဲတွင် ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့အပါအဝင် မြန်မာနိုင်ငံတလွှားမှ "မြေမြှုပ်မိုင်းများ၏ ကျွန်ုပ်တို့အသိုက်အဝန်းအပေါ် အကျိုးသက်ရောက်မှု" ခေါင်းစဉ်ဖြင့် ဆက်နွယ်သော အနုပညာလက်ရာများကို ခင်းကျင်းပြသထားသည်။ အနုပညာလက်ရာများတွင် မြန်မာဘာသာ၊ ကရင်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် တင်ပြချက်များ ပါဝင်သည်။ အဆိုပါပြိုင်ပွဲကို International Campaign to Ban Landmines (ICBL) မှ  ထောက်ပံ့ငွေဖြင့် ကူညီပံ့ပိုးခြင်း ဖြစ်သည်။ မြန်မာနိုင်ငံမိုင်းကင်းစင်ရေးလှုပ်ရှားမှု၊ "Art Competition: Impact of mines on my community"၊ ၁၅ ဒီဇင်ဘာ ၂၀၂၃တွင် ကြည့်ရန်။

၁၂။ MIMU၊ "Townships with Suspected Landmine/ERW Contamination (1999-2024) and Landmine/ERW Casualties in Myanmar (2023)"၊ အောက်တိုဘာ ၂၀၂၄။ ဤသတင်းရုပ်ပုံသည် ၎င်းတို့၏ထုတ်ကုန်များတွင် တောင်းဆိုမှုအများဆုံးဖြစ်ကြောင်း MIMU မှ ဆိုပါသည်။

၁၃။ Statement of the International Campaign to Ban Landmines (ICBL)၊ Mine Ban Treaty Twenty-First Meeting of States Parties၊ Geneva၊ ၂၄ နိုဝင်ဘာ ၂၀၂၃။

နှင့် MM6 ဖြစ်သည်။[၁၄] ၂၀၁၉ ခုနှစ်တွင် ထွက်ပေါ်လာသော ဓါတ်ပုံများတွင် တွေ့ရှိရသည့် အမှတ်အသားများအရ လူသတ်မိုင်းများကို မြန်မာ့ ကာကွယ်ရေးပစ္စည်းစက်ရုံ(ကပစ)က ၂၀၁၈ ခုနှစ်တွင် ထုတ်လုပ်ခဲ့ကြောင်း ဖော်ပြနေပါသည်။[၁၅]

၂၀၂၅ ခုနှစ်အတွင်း၊ မြန်မာနိုင်ငံရှိ NSAG များသည် ရှေ့တန်းစစ်မျက်နှာပြင်များ၌ မြန်မာ့တပ်မတော် တပ်ဖွဲ့များထံမှ သိမ်းဆည်းရမိသော နိုင်ငံတော်မှထုတ်လုပ်သည့် လူသတ်မိုင်းပုံများကို ဆက်လက်ထုတ် ပြန်ခဲ့သည်။[၁၆] ကပစ ထုတ် မိုင်းအများအပြားကို စစ်မြေပြင်တွင် ဆက်လက်တွေ့ရှိနေရသော်လည်း၊ Monitor အနေဖြင့် ထုတ်လုပ်မှု အကြိမ်ရေ မည်မျှရှိသည်ကို မသိရှိရသော်လည်း မြန်မာနိုင်ငံကို ထိထိရောက်ရောက် ထုတ်လုပ်နေဆဲနိုင်ငံအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံသည် လူသတ်မိုင်းများကို ပြည်ပသို့ တင်ပို့ခြင်းမရှိကြောင်း သိရသည်။[၁၇] မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ရုရှား သို့မဟုတ် ဆိုဗီယက်ပြည်ထောင်စုဟောင်း နှင့် အမေရိကန်ပြည်ထောင်စု (US) တို့မှ ထုတ်လုပ်သော လူသတ်မိုင်းများကို ယခင်က တင်သွင်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ရယူခြင်းနှင့် အသုံးပြုခြင်းများ ရှိခဲ့သည်။[၁၈]

မြန်မာ့တပ်မတော်မှ သိုလှောင်ထားသော လူသတ်မိုင်း အမျိုးအစား၊ အရေအတွက်တို့နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်သော သတင်းအချက်အလက် မရှိပါ။

## NSAG များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံရှိ NSAG များသည် လက်လုပ်ပေါက်ကွဲစေသည့် အသင့်ဖန်တီးထားသည့် ပေါက်ကွဲမှု ပြင်းထန်သောမိုင်းများနှင့် အစထွက်လူသတ်မိုင်းများကို ထုတ်လုပ်ခဲ့ကြသည်။ စက်ရုံတွင် ထုတ်လုပ်သည်ဖြစ်စေ၊ ဒေသတွင်းရရှိနိုင်သော ပစ္စည်းများဖြင့် ဖန်တီးထုတ်လုပ်သည်ဖြစ်စေ ထိုကဲ့သို့သော လက်လုပ်ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်အရ တားမြစ်ထားသည်။ မြန်မာနိုင်ငံရှိ အချို့သော NSAG များသည် Claymore အမျိုးအစားဖြစ်သည့် ဦးတည်ရာဘက်သို့ အစထွက်လူသတ်မိုင်းများ၊ ယာဉ်တိုက်မိုင်းများနှင့် ကိုင်တွယ်သူကို အန္တရာယ်ဖြစ်နေနိုင်သော ကိရိယာများတပ်ဆင်ထားသည့် လူသတ်မိုင်းများကိုလည်း ထုတ်လုပ်ကြသည်။[၁၉]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းပြီးနောက်ပိုင်း၊ NSAG အများအပြားသည်လည်း မြန်မာ့တပ်မတော်နှင့် အခြားအဖွဲ့များထံမှ သိမ်းဆည်းရမိသော လူသတ်မိုင်းများကို ပိုင်ဆိုင်ထားကြသည်။[၂၀] ၎င်းတို့သည် မိုင်းထောင်ထားသောနေရာများမှ မိုင်းများ

---

၁၄။ MM1 သည် တရုတ်ထုတ် Type-59 အမျိုးအစား အဖျားချွန်အစထွက်လူသတ်မိုင်းကို နမူနာပုံစံယူထားခြင်း ဖြစ်သည်။ MM2 သည် တရုတ်ထုတ် Type-58 အမျိုးအစား ရုတ်ချည်းပေါက်ကွဲမိုင်းနှင့် ဆင်တူသည်။ MM3 မှာ ခုန်ပျံအစထွက်လူသတ်မိုင်းဖြစ်ပြီး MM5 မှာ Claymore ပုံစံဦးတည်အစထွက်လူသတ်မိုင်းဖြစ်သည်။ MM6 မှာ အမေရိကန်ထုတ် သတ္တုပါဝင်မှုနည်းသည့် M14 လူသတ်မိုင်းကို နမူနာ ပုံစံယူထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယာဉ်ဖျက်မိုင်းဖြစ်သော MM4 လည်း ထုတ်လုပ်သည်။

၁၅။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်ရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့တစ်ခုမှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာ့ ကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်ထားသည့် အမှတ်အသားများပါသော MM2 လူသတ်မိုင်း ဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။ စွပ်စွဲချက်နဲ့ ဓာတ်ပုံများကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ဆက်နွယ်သော ဖေ့စ်ဘုတ်စာမျက်နှာတွင် ထုတ်ပြန်ထားခြင်းဖြစ်သည်။ Facebook post by Tai Freedom၊ ၃ ဒီဇင်ဘာ ၂၀၁၉ တွင် ကြည့်ရန်။

၁၆။ Mine Free Myanmar၊ "More antipersonnel Landmines captured by anti-military groups"၊ ၂၁ ဩဂုတ် ၂၀၂၅။

၁၇။ ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်မှ မြန်မာနိုင်ငံသည် လူသတ်မိုင်းများ တင်ပို့မှုအပေါ် တားမြစ်ခြင်းကို ထောက်ခံအားပေးကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ဆိုင်းငံ့ခြင်း သို့မဟုတ် တင်ပို့မှု တားမြစ်ခြင်းကိုမူ တရားဝင် ထုတ်ပြန်ထားခြင်းမရှိသေးပေ။ ICBL၊ Landmine Monitor Report 2000: Toward a Mine-Free World (New York: Human Rights Watch၊ ဩဂုတ် ၂၀၀၀)၊ စာမျက်နှာ-၄၆၉ တွင်ကြည့်ရန်။

၁၈။ ICBL၊ Landmine Monitor Report 2004: Toward a Mine-Free World (New York: Human Rights Watch၊ အောက်တိုဘာ ၂၀၀၄)၊ စာမျက်နှာ ၉၃၈ တွင် ကြည့်ရန်။ မိုင်းများတွင် တရုတ်ထုတ် Types-58၊ -59၊ -69၊ and -72A၊ ဆိုဗီယက်ထုတ် POMZ-2၊ POMZ-2M၊ PMN-1 နှင့် PMD-6၊ အမေရိကန်ထုတ် M14၊ M16A1 နှင့် M18 နှင့် အိန္ဒိယ/ဗြိတိန်ထုတ် LTM-73 နှင့် LTM-76။

၁၉။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် Monitor သည် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ၏ ကရင်နီ (ကယား) ပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် တည်ထောင်ထားသော လက်လုပ်မိုင်းစက်ရုံဟုဆိုရမည့် ဓာတ်ပုံများကို အမည်မဖော်လိုသူ သတင်းရင်းမြစ်တခုထံမှ ရရှိခဲ့သည်။

၂၀။ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အစောပိုင်းတွင် ဒေသစုံ NSAG များ မှ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းမှ မြန်မာ့တပ်မတော်၏ လူသတ်မိုင်းများကို သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း မီဒီယာအစီရင်ခံမှုများနှင့် ဓာတ်ပုံများကို အခြေပြုသော စစ်တမ်းတွင် MM1၊ MM2၊ MM5 နှင့် MM6 အမျိုးအစား လူသတ်မိုင်းများ ရာနဲ့ချီပါဝင်သည့် မြန်မာ့တပ်မတော်ထံမှ သိမ်းဆည်းရမိသော မိုင်းသိမ်းဆည်းမှုဖြစ်စဉ် ၆၀ ကျော်ရှိကြောင်းကို Mine Free Myanmar မှ တွေ့ရှိခဲ့သည်။ Mine-Free Myanmar၊ "More antipersonnel landmines captured by anti-military groups"၊ ၂၁ ဩဂုတ် ၂၀၂၅၊ Mine-Free Myanmar၊ "More antipersonnel landmines seized by armed groups during first 3 months of 2024"၊ ၁ ဖွန် ၂၀၂၄ နှင့် Mine-Free Myanmar၊ "Myanmar Armed Forces consistently using antipersonnel landmines over the past 18 months"၊ ၆ စက်တင်ဘာ ၂၀၂၃။

ကို ပြန်လည်အသုံးပြုရန် ဖြုတ်ယူခြင်းများနှင့် တရားမဝင် လက်နက်ဈေးကွက်မှ ဝယ်ယူခြင်းများလည်း ပြုလုပ်ကြသည်။[၂၁]

## အသုံးပြုမှု

၁၉၉၉ ခုနှစ်တွင် Landmine Monitor ပထမအကြိမ် ထုတ်ဝေချိန်မှစ၍ Monitor သည် မြန်မာနိုင်ငံ၏ လူသတ်မိုင်းအသုံးပြုမှု သတင်းများကို ဆက်လက်လက်ခံရရှိနေပြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အသုံးပြုမှု သိသိသာသာ တိုးလာပုံရသည်။

ဤအစီရင်ခံစာကာလ(၂၀၂၄ ခုနှစ် အလယ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလထိ)တွင်၊ မြန်မာ့ တပ်မတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံတပ်တချို့အပါအဝင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) နှင့် မြန်မာနိုင်ငံတွင် လှုပ်ရှားနေသည့် အခြားသော NSAG အမျိုးမျိုးတို့က လူသတ်မိုင်းများကို အသုံးပြုခဲ့ကြောင်း Monitor က မှတ်တမ်းတင်ခဲ့သည်။

## မြန်မာ့တပ်မတော်၏ အသုံးပြုမှု

မြန်မာ့တပ်မတော်သည် ၁၉၉၉ ခုနှစ်မှစ၍ လူသတ်မိုင်းများကို ပုံမှန်အသုံးပြုခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက် လက်နက်ကိုင်ပဋိပက္ခများ မြင့်တက်လာသည်နှင့်အမျှ အသုံးပြုမှုကို တိုးမြှင့်ခဲ့သည်။ အာဏာသိမ်းပြီးချိန်မှစ၍ လူသတ်မိုင်းများကို စစ်စခန်းများနှင့် ကင်းစခန်းများအနီးတွင် အဓိကအသုံးပြုကြပြီး မိုဘိုင်းဖုန်း တာဝါတိုင်များ၊ သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် စွမ်းအင်ပိုက်လိုင်းများကဲ့သို့သော အခြေခံ အဆောက်အအုံ များအနီးတွင်လည်း အသုံးပြုကြသည်။[၂၂] တိုက်ခိုက်ခံရသည့် နေရာများတွင် လူသတ်မိုင်းများကို အသုံးပြုကြောင်း မြန်မာ့တပ်မတော်က ၂၀၁၉ ခုနှစ်တွင် Monitor ၏တွေ့ရှိမှုအား လက်ခံခဲ့သည်။[၂၃]

Monitor မှ လေ့လာသုံးသပ်ထားသော ဓာတ်ပုံများအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတဝှမ်းရှိ နေရာတိုင်းလိုလိုတွင် မြန်မာ့တပ်မတော်ထံမှ ပြည်တွင်းဖြစ် လူသတ်မိုင်းများကို NSAG များက လစဉ် သိမ်းဆည်းရမိခဲ့ခြင်းသည် မြေမြှုပ်မိုင်းအသုံးပြုမှု ကျယ်ပြန့်ကြောင်း ဖော်ပြနေသည်။[၂၄] မြန်မာ့တပ်မတော်သည် လူသတ်မိုင်းအောက်တွင် မော်တာကျည် (mortar projectile) တစ်ခုကို ထားရှိခြင်းဖြင့် မိုင်း၏ ဖျက်ဆီးနိုင်စွမ်းအားကို တိုးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။[၂၅]

သို့သော် ပဋိပက္ခအခြေအနေ ရှုပ်ထွေးခြင်းနှင့် အချို့သော မီဒီယာသတင်းရင်းမြစ်များ၏ ဘက်လိုက်မှု သဘောသဘာဝတို့ကြောင့် လူသတ်မိုင်းအသစ် အသုံးပြုမှုနှင့်ပတ်သက်၍ မည်သူ့လက်ချက် ဖြစ်သည်ကို သတ်မှတ်ရန် ခက်ခဲစေသည်။[၂၆]

နေရာအများအပြားသည် ယခင်ကတည်းက မိုင်းအန္တရာယ် အကြီးအကျယ်ရှိပြီးသားဖြစ်သော်လည်း၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အသုံးပြုမှုတိုးလာခြင်းကြောင့် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်အတွင်း သတင်းပို့ခဲ့သော ထိခိုက်သေဆုံးမှု အများစုသည် မကြာ

---

၂၁။ ၂၀၀၉ ခုနှစ် Landmine Monitor အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် အမေရိကန်လုပ် M26 ခုန်ထွက်လူသတ်မိုင်းများ တည်ရှိမှုကို ဖော်ထုတ်နိုင်သော်လည်း ရင်းမြစ် သို့မဟုတ် အသုံးပြုသူကိုမူ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။ Landmine Monitor Report 2009: Toward a Mine-Free World (Ottawa: Mines Action Canada၊ အောက်တိုဘာ ၂၀၀၉) စာမျက်နှာ-၁၀၃၁တွင် ကြည့်ရန်။

၂၂။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ဆယ်လူလာဖုန်းတာဝါတိုင် အောက်ခြေအနား၌ မြေမြှုပ်မိုင်းကြောင့် လူငယ်တစ်ဦး အသတ်ခံခဲ့ရပြီး အခြားလူငယ်တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တာဝါတိုင်တွင် မည်သည့်အချိန်၌ မိုင်းဆင်ခဲ့သည်ကိုမူ မည်သူမှမသိရှိရသေးပေ။ စောရှင်မေ၊ "အမ်း တပ်တောင်မြို့အနီး မိုင်းနင်းမိလို့ လူငယ်တစ်ယောက်သေဆုံးပြီး တစ်ယောက်ဒဏ်ရာရ"၊ နိရဉ္စရာ သတင်း၊ ၁၇ ဖေဖော်ဝါရီ ၂၀၂၅။

၂၃။ "နယ်စပ်ဒေသတွေမှာ တပ်မတော်က အင်အားနည်းနေရင် သူတို့စခန်းချရာအနီးတဝိုက်မှာပဲ မိုင်းတွေထောင်ထားပြီး ဒါက သူတို့အင်အားနည်းနေချိန်မှပါပဲ။ မိုက်ခရိုဝေ့ဖ်တာဝါတိုင်တွေလို အခြေခံအဆောက်အအုံ အနီးတဝိုက်တွေမှာလည်း မိုင်းတွေကိုထောင်ထားကြပါတယ်။ ရွာတွေနားမှာဆိုရင် ကျွန်တော်တို့က သူတို့ကို သတိပေးရတာပေါ့။ လူမျိုးစုလက်နက်ကိုင်အဖွဲ့က ထိန်းချုပ်ထားပြီး ချောင်းမြောင်းနှောင့်ယှက်ခံရတဲ့ နယ်မြေမှာ တပ်မတော်စခန်းက ရှိနေရင်လည်း သူတို့က စခန်းနားတစ်ဝိုက်မှာ မိုင်းထောင်ထားတာမျိုး ရှိပါတယ်" Monitor နှင့် တွေ့ဆုံခြင်း၊ ဦးမင်းထိုက်ဟိန်း၊ လက်ထောက်အတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ၅ ဇူလိုင် ၂၀၁၉။

၂၄။ Mine Free Myanmar ၊ "More antipersonnel landmines captured by anti-military groups"၊ ၂၀ ဩဂုတ် ၂၀၂၅။

၂၅။ ရှမ်းပြည်နယ် သောင်စလွန်းကျေးရွာမှ မြန်မာ့တပ်မတော် ဆုတ်ခွာသွားချိန်တွင် မော်တာကျည်ဖူး ကိုယ်ထည်နှင့် စနက်တံထိပ်တွင်တပ်ဆင်ထားသော MM6 မိုင်းတစ်လုံးကို ဆုတ်ခွာသွားသည့်တပ်များက ရွာဆေးပေးခန်း အနောက်ဘက်လမ်း၌ ထောင်ထားခဲ့ကြောင်း သိရှိရသည်။ ထိုမိုင်းကို နောက်မှ ရွာသို့ပြန်ဝင်လာသူများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ Free Burma Rangers၊ "Doctors as Targets: Many Killed In Burma Army's Attacks On Medical Facilities"၊ ၂၀ ဇွန် ၂၀၂၃ နှင့် ဒေးဗစ်ယူဘန့်စ်၊ Free Burma Rangers၊ ထံမှ အီးမေးလ်၊ ၅ စက်တင်ဘာ ၂၀၂၃။

၂၆။ တပ်မတော်နှင့် ဆက်စပ်လျက်ရှိသော မီဒီယာနှင့်အချက်အလက်ရင်းမြစ်များသည် စစ်တပ်အား ခုခံနေသောအစုအဖွဲ့များ၏ ဖြစ်စဉ်များကိုသာ ဖော်ပြကြလေ့ရှိသည်။ လူမျိုးစုလက်နက်ကိုင်တပ်များ သို့တည်းမဟုတ် NUG နှင့် ဆက်စပ်လျက်ရှိသော မီဒီယာနှင့်အချက်အလက်ရင်းမြစ်များကမူ တပ်မတော်၏ အဖြစ်အပျက်များကိုသာ ထုတ်ပြန်ကြလေ့ရှိသည်။ မီဒီယာနှင့်အချက်အလက်ရင်းမြစ် အနည်းအကျဉ်းကသာ တူညီသောဖြစ်ရပ်များကို ဖော်ပြကြခြင်းဖြစ်သည်။

သေးမီက ထောင်ထားသော လူသတ်မိုင်းများကြောင့် ဖြစ်ပုံရသည်။[၂၇] စွန့်ပစ်ထားသော စစ်စခန်းများအနီးတွင် အစာရှာဖွေခြင်း သို့မဟုတ် ခရီးသွားလာခြင်းကဲ့သို့သော သာမန်လှုပ်ရှားမှုများကို လုပ်ဆောင်နေစဉ် လူသတ်မိုင်းများ၏ ထိခိုက်မှုကို ခံစားနေရကြောင်း သတင်းများစွာက ဖော်ပြသည်။[၂၈] စစ်တပ်က ဆောက်လုပ်ထားသော စစ်ဆေးရေးဂိတ်များ အနီးတွင်လည်း လူများ မြေမြှုပ်မိုင်းထိမှန် ဒဏ်ရာရရှိသည့်သတင်းများလည်း ရှိသည်။[၂၉] အချို့သော စစ်ဘက်ဆိုင်ရာ ကင်းစခန်းများသည် ၎င်းတို့ မိုင်းထောင်ထားသော နေရာများအနီးတွင် အမှတ်အသားပြုလုပ်ကြသည်။[၃၀] လက်နက်ကိုင် အတိုက်အခံများကို တန်ပြန်ရန် စစ်တပ်က ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် သယံဇာတ အရင်းအမြစ်များ ရယူသုံးစွဲခွင့် ပိတ်ပင်ခံရခြင်းအပေါ် ရွာသားများက တိုင်ကြားခဲ့ကြသည်။[၃၁]

ယခင်ကလည်း ၎င်းတို့၏ ကျွဲနွားတိရစ္ဆာန်များကြောင့် လူသတ်မိုင်းများ ပေါက်ကွဲပါက တောင်သူများအနေဖြင့် လျော်ကြေး ပေးရမည်ဟု မြန်မာ့တပ်မတော်က ခြိမ်းခြောက်ခဲ့ဖူးကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့အနားရှိ လက်ဝဲဒက်ရွာအနီးတွင်၊ မြန်မာစစ်တပ်မှ စစ်သားများသည် လူသတ်မိုင်းထိမှန်၍ ခြေပြတ်သွားသော နွားပိုင်ရှင်ထံမှ ကျပ်ငွေ ၁၅ သိန်း (အမေရိကန်ဒေါ်လာ ၇၀၇ ဒေါ်လာ) တောင်းခံခဲ့ကြောင်း သတင်းရရှိသည်။ ပိုင်ရှင်က မပေးနိုင်သဖြင့် စစ်သားများက နွားကို သတ်ဖြတ်ခဲ့ကြသည်။[၃၂] ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပြင်တောရွာမှ တောင်သူများ ပိုင်ဆိုင်သော ကျွဲနွားများသည် မညင်းတောင်ရွာရှိ ၎င်းတို့၏ စခန်းအနီးတွင် မြန်မာစစ်တပ်က ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် သေဆုံးခဲ့ရသည်။ ထို့နောက် စခန်းမှ မြန်မာစစ်တပ် အရာရှိများသည် ရွာသားများကို ဆင့်ခေါ်ပြီး ကျွဲနွားများ မိုင်းနင်းမိ၍ ပေါက်ကွဲပါက လျော်ကြေး ပေးရမည်ဟု သတိပေးခဲ့သည်။[၃၃]

## ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့် မိုင်းဒဏ်သင့်ဒေသများတွင် အဓမ္မလုပ်အားပေးခိုင်းစေခြင်း

၂၀၂၅ ခုနှစ်နှင့် ယခင်နှစ်များတွင် မြန်မာ့တပ်မတော်သည် မိုင်းဒဏ်သင့်ဒေသများရှိ ၎င်းတို့၏ တပ်ဖွဲ့များရှေ့မှ လမ်းပြအဖြစ် အရပ်သားများကို အဓမ္မခေါ်ဆောင်ကာ လမ်းလျှောက်ခိုင်းခြင်းဖြင့် မြေမြှုပ်မိုင်းများကို ဖောက်ခွဲစေခဲ့သည့် အထောက်အထားများကို Monitor က တွေ့ရှိခဲ့သည်။ စစ်တပ်သည် အရပ်သားများကို မိုင်းရှင်းလင်းရေးအတွက် အဓမ္မ လုပ်အားပေးခိုင်းစေခဲ့သည်။

ဤအချက်သည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေး ဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်း ဖြစ်သည်။[၃၄]

---

၂၇။ ဤအသုံးပြုမှုအသစ်ကို ယခင်က ၎င်းတို့အသက်မွေးဝမ်းကျောင်းပြုရန် ဘေးကင်းခဲ့သောနယ်မြေများတွင် ဒဏ်ရာရရှိခဲ့သည့် ရွာသားများမှ အကြောင်းကြားလာခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ် မေလတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ သက်ကြီးဇနီးမောင်နှံနှစ်ဦးမှာ ၎င်းတို့လယ်ယာသို့ သွားနေစဉ်အတွင်း မြေမြှုပ်မိုင်းနင်းမိကာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ် မန်ကန်းကျေးရွာ၌ ရွာအနီး ၎င်းတို့၏နွားကို ရှာဖွေနေကြစဉ် မြေမြှုပ်မိုင်းကြောင့် ဖခင်ဖြစ်သူမှာ အသတ်ခံခဲ့ရပြီး သားဖြစ်သူမှာ ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ၂၀၂၅ ခုနှစ် မတ်လတွင် ကယားပြည်နယ် နမ့်စံခန်းကျေးရွာအနီး အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးမှာ သူမ၏ ယာခင်းတွင် ကြက်သွန်ဖြူ နုတ်သိမ်းနေစဉ် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာ အပြင်းအထန်ရရှိခဲ့သည်။ နိုရဋ္ဌရာသတင်း၊ ကန္တာရဝတီတိုင်း(မ်) သတင်းနှင့် ရွှေဖီမြေသတင်းအေဂျင်စီတို့ကို ကိုးကား၍ Armed Conflict Location & Event Data Project (ACLED) ၏ အွန်လိုင်းဒေတာဘေ့စ်။ ACLED website တွင်ကြည့်ရန်။

၂၈။ မောင်စာဂ၊ "မြေမြှုပ်မိုင်းနင်းမိသူတစ်ဦး သေဆုံး၊ တောင်ကုတ်ပေါက်ကွဲမှုအတွင်း အရပ်သားတစ်ဦး ဒဏ်ရာရ"၊ နိုရဋ္ဌရာသတင်း၊ ၁ ဇူလိုင် ၂၀၂၅။ ထိုဆောင်းပါးတွင် မတူသောရက်စွဲများ၌ ရခိုင်ပြည်နယ်အတွင်း တောင်ကုတ်မြို့နယ်ရှိ အမှတ်(၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၏ ယခင် စစ်အခြေစိုက်စခန်းအနီးတွင် လူနှစ်ဦးနှင့် ကျောက်ဖြူမြို့နယ်ရှိ အမှတ်(၅၄၃) ခြေမြန်တပ်ရင်း၏ ယခင် စစ်စခန်းအနီးတွင် အခြားတစ်ဦးတို့ ပြင်းထန်ဒဏ်ရာများရရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၉။ ဥပမာ၊ မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ "Man steps on a landmine and loses his leg in Tha Yet Chaung"၊ ၁၄ မတ် ၂၀၂၄ တွင်ကြည့်ရန်။

၃၀။ "Locals in junta-held Sittwe fear landmines planted by military"၊ Development Media Group (DMG)၊ ၁၈ မေ ၂၀၂၄ နှင့် Human Rights Foundation of Monland၊ "Battalions Plant Landmines alongside Thanbyuzayat-Ye Highway: Danger created for plantation workers"၊ ၈ ဇန်နဝါရီ ၂၀၂၄။

၃၁။ "Junta forces plant landmines in areas where residents have to rely for livelihood"၊ နိုရဋ္ဌရာသတင်း၊ ၁၂ ဧပြီ ၂၀၂၄။

၃၂။ ယင်းဖြစ်စဉ်တွင် ရိုဟင်ဂျာလယ်သမားနှစ်ဦးသည် လူသတ်မိုင်းနင်းမိပြီး တစ်ဦးမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့ပြီး ကျန်လယ်သမားတစ်ဦးနှင့် နွားမှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြသည်။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ငွေလဲလှယ်နှုန်း မြန်မာငွေ ၁၀၀၀ကျပ်= အမေရိကန် ၀.၄၇၁၅ ဒေါ်လာ။ Oanda။

၃၃။ "Army warns that owners must pay if planted landmines are exploded by cattle"၊ နိုရဋ္ဌရာသတင်း၊ ၇ ဇွန် ၂၀၂၃။

၃၄။ ဆယ်စုနှစ် နှစ်ခုကျော်ကြာအောင် မြန်မာစစ်တပ်သည် အရပ်သားများအား လေ့ကျင့်သင်ကြားခြင်းမပြုလုပ်ဘဲ သို့မဟုတ် အကာအကွယ်ပစ္စည်းများ မပါစေဘဲ အတင်းအကြပ် မိုင်းရှင်းလင်းခိုင်းခြင်း သို့မဟုတ် မိုင်းကွင်းသို့ စစ်တပ်အတွက် လမ်းပြရန်ခိုင်းစေခြင်း သို့မဟုတ် ပစ္စည်းသယ်ခိုင်းခြင်းများကို ဖိအားပေးစေခိုင်းခဲ့သည့်သက်သေများကို Monitor မှ အစီရင်ခံတင်ပြခဲ့သည်။ အဆိုပါလုပ်ရပ်များမှာ လူသား၏ အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်များအပေါ် ခြိမ်းခြောက်မှုလည်း ဖြစ်သည်။ Human Rights Council၊ Working Group on the Universal Periodic Review၊ Tenth Session၊ "Summary prepared by the Office of the High Commissioner for Human Rights in accordance with paragraph 15(c) of the annex to Human Rights Council resolution 5/1"၊ ၁၈ အောက်တိုဘာ ၂၀၁၀ တွင်ကြည့်ရန်။

၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ မိုင်းကွင်းတစ်ခုကို ဖြတ်ကျော်ရန် မြန်မာ့တပ်မတော်၏ အတင်းအကြပ် ခိုင်းစေခြင်းခံရပြီးနောက် အရပ်သား ၅ ဦး သေဆုံးခဲ့ကြောင်း သတင်း ရရှိသည်။[၃၅] ၂၀၂၅ ခုနှစ် ဖွန်လတွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံး၊ ထားဝယ်၊ ရေဖြူနှင့် သရက်ချောင်း မြို့နယ်များ တွင် မိုင်းရှင်းလင်းရန် အရပ်သားများကို အသုံးပြုခြင်းအား မြန်မာ့တပ်မတော်က လိုအပ်သလို လုပ်ဆောင်ခဲ့ကြောင်း ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့တစ်ခုက ဆိုသည်။[၃၆] ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်မှ အမျိုးသမီးနှစ်ဦးသည် စစ်တပ် ထောက်ပို့စစ်ကြောင်းတစ်ခု၏ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရပြီးနောက် မြေမြှုပ်မိုင်း နင်းမိ၍ သေဆုံးခဲ့သည်။[၃၇]

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်ရှိ အရပ်သားများကို မုံရွာ-မန္တလေး လမ်းမကြီးတလျှောက် အမည်မသိလက်နက်ကိုင်အဖွဲ့တစ်ခုက ထောင်ထားသော မိုင်းများကို ရှင်းလင်းရန် မြန်မာ့တပ်မတော်က အတင်းအကြပ် ခိုင်းစေခဲ့ရာ လူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။[၃၈]

ယခင် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင်လည်း မုံရွာ-မန္တလေးလမ်းမကြီးပေါ်တွင် ဒေသခံ PDF များ ထောင်ထားသော အဝေးထိန်းမိုင်းများကို ရှင်းလင်းရာတွင် ဒေသခံရွာသားများကို မြန်မာစစ်တပ်က ၎င်းတို့ရှေ့မှ လမ်းလျှောက်ခိုင်း ခဲ့ကြောင်း စွပ်စွဲခံထားရသည်။ ထိုအစီရင်ခံစာတွင်ပင် ဖွန်လ၌ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် မြေနဲရွာနှင့် ချောင်းဦးမြို့နယ် ခင်မွန်ရွာအကြား မိုင်းရှင်းလင်းရာတွင် မြန်မာ့တပ်မတော်က ရွာသားများကို ၎င်းတို့ရှေ့မှ လမ်းလျှောက်ခိုင်းခဲ့ကြောင်း ဖော်ပြထားသည်။[၃၉]

၂၀၂၄ ခုနှစ် ဖွန်လ ၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ အားလားကပ်ပါရွာမှ ဒေသခံတစုကို မြန်မာ့တပ်မတော်က ဖမ်းဆီးပြီး ရွှေဂူကြီးဘုန်းကြီးကျောင်းအနီး ဒေသခံ PDF တပ်ဖွဲ့များ ထောင်ထားသော မြေမြှုပ်မိုင်းများကို အဓမ္မရှင်းလင်းခိုင်းခဲ့သည်။ ယင်းဖြစ်စဉ်အတွင်း ရွာသားတစ်ဦးသေဆုံးပြီး နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။[၄၀] ၂၀၂၄ ခုနှစ် ဖွန်လ ၂ ရက်နေ့တွင် စစ်တပ်မှ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်းခံရသော ရိုဟင်ဂျာ လူငယ်တစ်ဦး သည် ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ထွက်ပြေးစဉ် မိုင်းထိမှန်၍ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။[၄၁]

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်နက်ကိုင်အဖွဲ့များသည်လည်း မိုင်းဒဏ်သင့်ဒေသများတွင် ပေါ်တာအဖြစ် အဓမ္မ လုပ်အားပေးခိုင်းစေရန် ရွာသားများကို ဖမ်းဆီးခဲ့ကြောင်း သတင်းများရရှိသည်။[၄၂] ကချင်ပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည်လည်း မိုင်းဒဏ်သင့်ဒေသများတွင် အဓမ္မလုပ်အားပေးခိုင်းစေခြင်းများရှိကြောင်း သတင်းပို့ထားသည်။[၄၃]

## ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် အသုံးပြုမှု

၂၀၂၅ ခုနှစ်အစပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပြီးနောက် ရွာများတွင် ပြန်လည်နေထိုင်ရန် ကြိုးပမ်းသူများ၏ လှုပ်ရှားသွားလာမှုများကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် နယ်စပ်တစ်လျှောက် မိုင်းထိမှန်သူ အရေအတွက် တိုးလာသည်ကို တွေ့မြင်ခဲ့ရသည်။ ယင်းကြောင့် ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာ အချို့က ၎င်းတို့နေရပ်ပြန်ခြင်းကို တားဆီးရန် မြေမြှုပ်မိုင်းများ ထောင်ထားသည်

၃၅။ "Myanmar junta troops kill at least nine civilians, including human shields, in Magway Region" မြန်မာနောင်း၊ ၈ စက်တင်ဘာ ၂၀၂၅။

၃၆။ Myanmar Peace Monitor interview with Nai Aye Mon, Director of the Human Rights Foundation of Monland၊ ၁၁ ဖွန် ၂၀၂၅။

၃၇။ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာတွင် အရပ်သားခြောက်ဦးကို စစ်တပ်စစ်ကြောင်းမှ ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။ ယင်းဖြစ်စဉ်အတွင်း အခြားအမျိုးသမီးနှစ်ဦးမှာလည်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသည်။ "Two Women Forced to Serve as Human Shields Killed by Landmines in Myaing Township"၊ Myanmar Press Photo Agency၊ ၁၇ ဖေဖော်ဝါရီ ၂၀၂၅။

၃၈။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါရှမ်းနှင့် ငွေးပင်တောကြား၌ မြန်မာစစ်တပ် စစ်သားများမှ မုံရွာ-မန္တလေး လမ်းပေါ်မှ ခရီးသွားများကို အမည်မသိလက်နက်ကိုင်အဖွဲ့မှ ထောင်ထားခဲ့သော မိုင်းများအား ရှင်းလင်းရန် ဖိအားပေးခဲ့ပြီးနောက်တွင် မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး အမျိုးသားတစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့သည်။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်။

၃၉။ "Myanmar junta troops use human shields to clear landmines on Monywa–Mandalay Road"၊ မဇ္ဈိမ၊ ၇ ဇူလိုင် ၂၀၂၄။

၄၀။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်။

၄၁။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်။

၄၂။ နော်သဲဇာ၊ "Myanmar Ethnic Armed Groups Draw Allegations of Forced Recruitment"၊ The Diplomat၊ ၃ ဇန်နဝါရီ ၂၀၂၄။

၄၃။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ (IDPs) သည် ဒေသတွင်း လက်နက်ကိုင်တပ်ဖွဲ့များ၏ ပေါ်တာအဖြစ် အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း ခံနေရသည်ဟု လူမျိုးစုလက်နက်ကိုင်လေးဖွဲ့ လှုပ်ရှားနေသော ကချင်ပြည်နယ်ရှိ ကျန်းမာရေးဝန်ထမ်းများမှ ထုတ်ပြန်ပြောကြားခဲ့သည်။ Back Pack Health Worker Team (BPHWT)၊ "BPHWT 2024 Annual Report"၊ ၃ ဖွန် ၂၀၂၅၊ စာမျက်နှာ-၁၇။

ဟု ယုံကြည်ကြသည်။[၄၄] ယခင်နှစ်များ နည်းတူ၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရန်ကုန်သည်များသည် အသက်မွေးဝမ်းကျောင်းအတွက် မြန်မာနိုင်ငံဘက်သို့ ဖြတ်ကျော်ဝင်ရောက်ရာတွင် မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရခြင်း နှင့် သေဆုံးခြင်း အန္တရာယ် မြင့်မားစွာ ရှိနေဆဲ ဖြစ်ပြီး၊ နယ်စပ်တဝိုက် လှုပ်ရှားသွားလာနေသူများလည်း ထိုနည်းတူ ဖြစ်သည်။[၄၅] နယ်စပ်ဇရိယာသည် မိုင်းအများအပြားရှိနေသော်လည်း မိုင်းများကို မကြာခင်ကာလက မည်သို့ မြှုပ်ထားသည်မှာ မရှင်းလင်းပါ။

ယခင်က ရွာသားများသည် မိုင်းအသစ်ထောင်ခြင်းကို မြန်မာစစ်တပ် နယ်ခြားစောင့်တပ်များ၏ လက်ချက်ဟု ပြောဆိုခဲ့ကြသည်။ ပဋိပက္ခများသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ တောင်ဘက်ပိုင်းသို့ ရွှေ့လျားလာသည်နှင့်အမျှ မြန်မာစစ်တပ်သည် မြို့အနီးတွင် မိုင်းအသစ်များ စတင်ထောင်လာခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ထိခိုက်သေဆုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။[၄၆]

၂၀၂၄ ခုနှစ် မေလတွင် အာရက္ခတပ်တော် (AA) သည် ဘင်္ဂလားဒေ့ရှ်နှင့်ထိစပ်နေသော မြန်မာနယ်စပ်ကို ထိန်းချုပ်ခဲ့ပြီး နယ်စပ်မိုင်းကွင်းများကို ဖြတ်သန်းသွားလာနိုင်မည့် လမ်းကြောင်းများ ဖန်တီးခဲ့ကာ ဖြတ်သန်းလိုသူများ အနေဖြင့် ငွေပေးရမည်ဟု သတ်မှတ်ခဲ့သည်။[၄၇] ၂၀၂၅ ခုနှစ် နှစ်လယ်အထိ၊ ဤနယ်စပ်တွင် ကျွဲနွား မှောင်ခိုကူးသူများသည် မြေမြှုပ်မိုင်းကြောင့်သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်းများ ဆက်လက် ဖြစ်ပွားခဲ့သည်။[၄၈]

---

၄၄။ ဥပမာ၊ ပိုရီမိုပဲလ်မာ၊ မိုဟာမက်ဂျာမေးလ်ခန်း၊ မိုကာမယ်လ် ရှူဗို၊ "Bangladesh-Myanmar border: Landmine-related injuries on the rise"၊ The Daily Star၊ ၁၈ ဩဂုတ် ၂၀၂၅။ မြေမြှုပ်မိုင်းကြောင့် ရိုဟင်ဂျာများ အသေအအပျောက်များသည့် သတင်းအများစုကို ဘင်္ဂလားဒေ့ရှ် သတင်းစာများတွင်သာ ထုတ်ပြန်ထားသည်။

၄၅။ နယ်ခြားစည်းမှတ်တိုင် ၄၈ တွင် မြေမြှုပ်မိုင်းကြောင့် နွားကျောင်းနေသော လူငယ်တစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ အက်စ် ဘာရှု ဒက်စ်၊ "Bangladeshi man's leg severed as landmine explodes along Bandarban border"၊ Dhaka Tribune၊ ၃ ဖေဖော်ဝါရီ ၂၀၂၅ တွင်ကြည့်ရန်။ ဘင်္ဂလားဒေ့ရှ်နယ်စပ် မြန်မာဘက်ခြမ်းတွင် ဘင်္ဂလားဒေ့ရှ် အမျိုးသားတစ်ဦးသည် ထင်းကောက်ရန် မိုင်းကွင်းအားဖြတ်သွားသည့်အခါ၌ မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ "Man loses leg as landmine explodes on Myanmar side of border"၊ The Daily Star၊ ၂၉ မတ် ၂၀၂၅ တွင်ကြည့်ရန်။ နတ်မြစ်အတွင်း ငါးဖမ်းသမားတစ်ဦးသည် မြန်မာဘက်ခြမ်းသို့ ဖြတ်သန်းသွားသည့်အခါတွင် လူသတ်မိုင်းကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ "Bangladeshi fisherman loses leg in mine explosion along Myanmar border"၊ New Age၊ ၆ ဧပြီ ၂၀၂၅ တွင်ကြည့်ရန်။ နယ်ခြားစည်းမှတ်တိုင် ၄၆-၄၇ ကြားတွင် အာရက္ခတပ်တော်မှ ထောင်ထားခဲ့သော မြေမြှုပ်မိုင်းကြောင့် ကျွဲနွားမှောင်ခိုကူးသူတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ "Bangladeshi man loses leg in landmine blast near Bandarban border"၊ Dhaka Tribune၊ ၈ ဧပြီ ၂၀၂၅ တွင်ကြည့်ရန်။ မောင်တောမြို့မှ အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦးသည် နတ်မြစ်ရှိ နယ်စပ်ခြံစည်းရိုးအနီးတွင် မိုင်းနင်းမိခဲ့သည်။ နောင်မင်းသူ၊ "Muslim youth lost leg due to mine in Maungdaw"၊ နရဉ္စရာသတင်း၊ ၃ မေ ၂၀၂၅ တွင်ကြည့်ရန်။ အမျိုးသမီးငယ်တစ်ဦးသည်နယ်စပ်၏ မြန်မာဘက်ခြမ်း နယ်ခြားစည်းမှတ်တိုင် ၄၂-၄၃ အနီးရှိ ချောင်းငယ်တွင် ရေချိုးလာသည့်အခါ၌ မြေမြှုပ်မိုင်းကြောင့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ ခိုင်လူလု (ရိုးမမြေ)၊ "A young woman lost her leg due to a mine explosion at the Bengal-Rakhine border"၊ နရဉ္စရာ၊ ၈ ဩဂုတ် ၂၀၂၅ တွင်ကြည့်ရန်။

၄၆။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘူးသီးတောင်မြို့ အနောက်ဘက်ခြမ်းရှိ ဘူးသီးတောင်မြို့နယ် လဝယ်ဒက်ရွာလမ်း၌ ရိုဟင်ဂျာလယ်သမားနှစ်ဦး မိုင်းနင်းမိခဲ့ကြသည်။ နှစ်ဦးအနက်တစ်ဦးမှာ သူ့ညာခြေထောက်ကို ဆုံးရှုံးလိုက်ရပြီး ကျန်တစ်ဦးမှာ အသေးစားဒဏ်ရာ ရရှိခဲ့သည်။ ACLED ၏အွန်လိုင်းဒေတာဘေ့စ်တွင် ကြည့်ရန်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဘူးသီးတောင် တောင်ဘက်ရှိ ဖွန်ညိုလှဲ့ရွာနေ ဒေသခံတစ်ဦးသည် ကျောက်ယန့်တောင်ခြေ၌ မိုင်းနင်းမိခဲ့သည်။ ယင်းမိုင်းကို တောင်ထိပ်တွင် စခန်းချလျက်ရှိသည့် မြန်မာ့တပ်မတော် တပ်မ (၂၂)မှ ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ACLED ၏ အွန်လိုင်း ဒေတာဘေ့စ်တွင်ကြည့်ရန်။

၄၇။ ၂၀၂၄ ခုနှစ် မေလတွင် အာရက္ခတပ်တော် (AA)သည် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လိုသူများအနေဖြင့် နယ်ခြားစည်းမှတ်တိုင်အား ထိန်းချုပ်ထားသော AA စစ်သားများအား အခွန်ပေးဆောင်၍ ဖြတ်သန်းရန် လမ်းညွှန်ထားသည်။ ဘူးသီးတောင်မြောက်ဘက်မှ ဆေးကုသရန် ခရီးထွက်လာခဲ့သော ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးမှ "ကျွန်မအစ်ကိုနဲ့ ကျွန်မ နယ်စပ်နားက AAရုံးကို မြန်မာငွေ ၂၀၀၀၀ (တစ်ဦးလျှင် တသောင်းနှုန်း) [အမေရိကန် ၉.၄၂ ဒေါ်လာ (တစ်ဦးလျှင် ၄.၇၁ ဒေါ်လာနှုန်း)] ပေးခဲ့ကြပါတယ်။ ကျွန်မတို့ကို တစ်လတာ ဖြတ်သန်းခွင့် ပေးခဲ့ပါတယ်။ AA စစ်သားတွေက နယ်ခြားစည်းမှတ်တိုင်တွေထိ ကျွန်မတို့ကို ခေါ်သွားပေးပါတယ်။ သူတို့ပဲ ကျွန်မတို့ကို လုံခြုံတဲ့လမ်းကြောင်းကို ပြပေးတာပါ။ နိုင်ကွန်ချာရီ (ဘင်္ဂလားဒေ့ရှ်)ရဲ့ လန်ဘိုချာရီကို ကျွန်မတို့ အေးအေးဆေးဆေးပဲ ရောက်သွားပါတယ်" ဟု Monitorသို့ ပြောပြခဲ့သည်။ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့အတွက် ငွေလဲလှယ်နှုန်း မြန်မာငွေ ၁၀၀၀ ကျပ်= အမေရိကန် ၀.၄၇၀၈ ဒေါ်လာ။ Oanda။

၄၈။ ၂၀၂၄ ခုနှစ် မေလ ၄ ရက်နေ့တွင် နယ်စဉ်ဖြတ်ကျော်နေစဉ်အတွင်း မိုင်းကြောင့် နွားမှောင်ခိုကူးသူတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး အခြားနှစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြသည်။ သူတို့ နွားများကို နောက်တွင် ချန်ထားခဲ့ရသည်။ နောက်တနေ့တွင် နွားများသွားဆွဲရန် အခြားသူနှစ်ဦးကို စေလွှတ်ခဲ့ရာ ထိုသူနှစ်ဦးပါ မိုင်းနင်းမိခဲ့သည်။ ထိုငါးဦးစလုံးမှာ ကော့ဘဇားဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြသည်။ သတင်းပေးများမှ Monitor သို့ပေးပို့ထားသော သတင်းအချက်အလက်များ။ အက်စ် ဘာရှု ဒက်စ်၊ "Bangladeshi man's leg severed as landmine explodes along Bandarban border"၊ Dhaka Tribune၊ ၃ ဖေဖော်ဝါရီ ၂၀၂၅ နှင့် "Bangladeshi man loses leg in landmine blast near Bandarban border"၊ Dhaka Tribune၊ ၈ ဧပြီ ၂၀၂၅ တွင်ကြည့်ရန်။

၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အာရက္ခတပ်တော်(AA) စခန်းအနီး ထောင်ထားသော မိုင်းများကြောင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေနေသော ရိုဟင်ဂျာရွာသားများ ဒဏ်ရာရရှိခဲ့သည်။[၄၉]

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃ ဦးသည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာကို ပိုင်းခြားထားသည့် နတ်မြစ်အတွင်း ဖြတ်သန်းသွားလာပြီးနောက် ဂဏန်းရှာဖွေနေစဉ် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မိုင်းများကို မည်သူထောင်ထားသည်မှာ မရှင်းလင်းပါ။[၅၀]

ဆင်များနှင့် အခြားတိရစ္ဆာန်များသည်လည်း ဤနယ်စပ်တစ်လျှောက် ထောင်ထားသော မိုင်းများကြောင့် ခြေလက်အင်္ဂါများ ဆုံးရှုံးခဲ့ရသည်။[၅၁]

## နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAGs) ၏ အသုံးပြုမှု

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံရှိ ဗဟိုအာဏာပိုင်များနှင့် ဆယ်စုနှစ်များစွာကြာအောင် ပဋိပက္ခဖြစ်ပွားခဲ့ပြီး Landmine Monitor သည် ထိုအဖွဲ့များ၏ မိုင်းအသုံးပြုမှုကို ၂၅ နှစ်ကျော်ကြာ မှတ်တမ်းတင်ခဲ့သည်။ ပျူစောထီး၊ ပြည်သူ့စစ်များ (PMF) နှင့် နယ်ခြားစောင့်တပ်များ (BGF) အပါအဝင် မြန်မာ့တပ်မတော်မှ ခွင့်ပြုထားသော ပြည်သူ့စစ်အဖွဲ့ အများအပြားသည် စစ်တပ်၏ ညွှန်ကြားချက်အောက်တွင် လုပ်ရှားကြသလို တခါတရံတွင်လည်း လွတ်လပ်စွာ လှုပ်ရှားကြသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း၊ ဒေသခံ စစ်အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့များ ပိုမို များပြားလာပြီး အချို့မှာ PDF အဖြစ် ခံယူထားကြသည်။ PDF အဖွဲ့များသည် NUG အစိုးရအပေါ် သစ္စာစောင့်သိကြောင်း မကြာခဏ ကြေညာလေ့ရှိသည်။[၅၂] ဒေသတွင်းမီဒီယာများက ထိုအဖွဲ့များ၏ "မြေမြှုပ်မိုင်း" အသုံးပြုမှုကို မကြာခဏ ဖော်ပြလေ့ရှိသည်။ ဤ ပစ္စည်းများစွာသည် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသော လမ်းဘေးပုံးများဖြစ်သော်လည်း အချို့မှာ လူထိသည်နှင့် ပေါက်ကွဲသော မြေမြှုပ်မိုင်းများဖြစ်သည်။ စစ်အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့များ ထောင်ထားသောမိုင်းများကြောင့် အရပ်သားများဒဏ်ရာရ သို့မဟုတ် သေဆုံးခဲ့ကြောင်း မြန်မာစစ်တပ်က မကြာခဏ ပြောကြားလေ့ရှိသည်။[၅၃]

မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော NSAG အရေအတွက်နှင့် အမျိုးအစားစုံလင်မှုကြောင့် မည်သည့် NSAG က အသုံးပြုသည်ကို တိကျစွာ တာဝန်သတ်မှတ်ရန် ခက်ခဲလေ့ရှိသည်။ သို့သော် ၁၉၉၉ ခုနှစ် Monitor စတင်အစီရင်ခံချိန်မှစ၍ အဖွဲ့အများအပြားသည် မိုင်းများကို အသုံးပြုခဲ့ကြသည်။[၅၄] Monitor သည် ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ NSAG များကြောင့် ဖြစ်သည်ဟု ယူဆရသော အောက်ပါ ဖြစ်ရပ်များကို လေ့လာ သုံးသပ်ခဲ့သည်။

---

၄၉။ ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာနေ ဒေသခံများမှာ ရွာအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးမှုများသည် AA မှထောင်ထားခဲ့သော မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည်ဟု ယုံကြည်နေကြသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ရိုဟင်ဂျာ ခုနစ်ဦးသည် မျှစ်ချိုးရန်နှင့် အသီးအရွက်ခူးရန်အတွက် တောင်ကုန်းပေါ်တက်သွားကြကြောင်း ရွာသားများမှ Monitor သို့ သတင်းပေးပို့ခဲ့သည်။ တောင်ကုန်းမှာ လွန်ခဲ့သော ၄ နှစ်မှ ၅နှစ်ကတည်းက AA မှ သိမ်းပိုက်ထားခဲ့ခြင်းဖြစ်သည်။ နေ့လည်အချိန်အထိ တောင်တက်သွားသူများ ပြန်မလာကြသည့်အခါ ၎င်းတို့မိသားစုမှ လိုက်ရှာခဲ့ကြသည်။ တောင်ပေါ်တွင် ယောကျ်ားလေး တစ်ဦး  နှင့် အမျိုးသားတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့သည်။ နှစ်ဦးစလုံးမှာ လူသတ်မိုင်းကြောင့် ဆိုးရွားစွာ ဒဏ်ရာများရရှိနေခဲ့ကြပြီး မျက်လုံးများပါ ကွယ်နေကြသည်။ မျက်လုံးကွယ်နေသဖြင့် ပြန်မလာနိုင်ကြခြင်းဖြစ်သည်။ အခြားငါးဦးမှာ မည်သို့ဖြစ်သွားသည်ကိုမူ မည်သူမှ မသိနိုင်ကြပေ။

၅၀။ "Rohingya man killed, 2 Injured in landmine explosion during crab harvest in Naf River"၊ The Business Standard၊ ၈ ဇူလိုင် ၂၀၂၄။

၅၁။ "Wild elephant's ankle blown off by Arakan Army landmine in Naikyangchhari"၊ BD Digest၊ ၁၂ ဩဂုတ် ၂၀၂၅။

၅၂။ ၂၀၂၃ ခုနှစ် မေလအထိ မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၂၅၀ တွင် PDF အဖွဲ့ပေါင်း ၃၀၀ ကျော်ရှိကြောင်း NUGမှ အခိုင်အမာပြောကြားခဲ့သည်။ ကိန်းဂဏန်းအတိအကျကိုမူ အတည်ပြုရန် ခက်ခဲသေးသည်။ "The PDF has established 300 battalions and columns in 2 years"၊ People's Spring၊ ၃ မေ ၂၀၂၃။

၅၃။ ဥပမာအားဖြင့် တောထဲတွင် ဟင်းစားရှာနေသော အမျိုးသမီး၏ ဒဏ်ရာရရှိမှုမှာ NSAG ကြောင့်ဖြစ်သည်ဟု အာဏာပိုင်များက ယူဆကြသည်။ "Innocent Civilian Injured After Stepping on Land Mine Planted by Terrorist Group in Hsihseng Township of Shan State"၊ Myanmar National News၊ ၃၀ ဩဂုတ် ၂၀၂၅ တွင်ကြည့်ရန်။ "Innocent Civilian Injured After Stepping on Land Mine Planted by So-Called PDF Terrorist Group in Salin Township, Magway Region"၊ Myanmar National News၊ ၁၃ ဇူလိုင် ၂၀၂၅ တွင်လည်းကြည့်ရန်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အမျိုးသားတစ်ဦးသည် PDF ချန်ထားခဲ့သောမိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်ဟု ထုတ်ပြန်ပြောကြားခဲ့သည်။ "Explosion near Zeegone Village injures local man in Kyauktaga"၊ Eleven News၊ ၇ ဇန်နဝါရီ ၂၀၂၅။

၅၄။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လူမျိုးစုလက်နက်ကိုင် ၈ဖွဲ့သည် အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး "မိုင်းထောင်ခြင်း အဆုံးသတ်ရေး" နှင့် "မြေမြှုပ်မိုင်းများအားလုံး ရှင်းလင်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားမည်"ဟု သဘောတူခဲ့ကြသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းချိန်မှစတင်ကာ အဆိုပါ ကတိကဝတ်သည် အလုပ်လုပ်သည့်ပုံ မပေါ်တော့ပါ။

၂၀၂၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၌ စစ်အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့တစ်ခု ထောင်ထားသော မိုင်းကွင်းအတွင်း စစ်သားအများအပြား ဒဏ်ရာရရှိခဲ့သည်။[၅၅] ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ်အနီး လမ်းကြောင်းများပေါ်၌ AA က မိုင်းအသစ်များ ထောင်ထားကြောင်း စွပ်စွဲချက်များ ထွက်ပေါ်ခဲ့သည်။[၅၆]

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ရေပြာကျေးရွာအုပ်စုတွင် PDF များ ထောင်ထားသည်ဟု ဒေသခံများက ပြောဆိုသော မြေမြှုပ်မိုင်းများကြောင့် ရွာသားတစ်ဦး ဒဏ်ရာရပြီး နောက်တစ်ဦး သေဆုံးခဲ့သည်။[၅၇] ၂၀၂၅ ခုနှစ် ဖွန်လတွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) ၏ လူသတ်မိုင်းအသုံးပြုမှုကြောင့် အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။[၅၈] ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ လယ်ကွယ်လမ်းတစ်လျှောက် မိုင်းများထောင်ထားခဲ့ရာ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အခြားတစ်ပါး ဒဏ်ရာရရှိခဲ့သည်။ KNLA သည် ယခင်က ဒေသခံရွာသားများကို နှုတ်ဖြင့် သတိပေးမှုများ ပြုလုပ်ခဲ့ဖူးသည်။[၅၉] ၂၀၂၅ ခုနှစ် ဧပြီလမှ ဖွန်လအတွင်း KNLA နှင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) တို့က ထိုဒေသတွင် မိုင်းများထောင်ထားကြောင်း ဒေသခံရွာသားများက သတင်းပို့ခဲ့သည်။[၆၀]

တိုင်းရင်းသားအချင်းချင်း ပြိုင်ဆိုင်မှုကြောင့်လည်း မြေမြှုပ်မိုင်းအသုံးပြုမှုများဖြစ်ပေါ်ပြီး အရပ်သားထိခိုက် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။[၆၁]

လမ်းဘေးဘောင်များတွင် ဖောက်ခွဲရေးပစ္စည်းများ မြှုပ်နှံထားပြီး မော်တော်ဆိုင်ကယ်များက ဖြတ်နင်းမိသောအခါ ပေါက်ကွဲစေသော ဖြစ်ရပ်အရေအတွက် တိုးလာနေခြင်းကို တော်လှန်ရေးအဖွဲ့များ၏ လက်ချက်ဟု ယူဆရသည်။ ဤဖြစ်ရပ်များသည် သေဆုံးခြင်းထက် ဒဏ်ရာရခြင်းများသာ ဖြစ်လေ့ရှိသောကြောင့် အဆိုပါ ပစ္စည်းများသည် လူသတ်မိုင်းများ ဖြစ်နိုင်ဖွယ်ရှိသည်။[၆၂]

၂၀၂၄ နှင့် ၂၀၂၅ အစောပိုင်းတွင် မြို့ပြဒေသများ၌ လူထိသည်နှင့် ပေါက်ကွဲသော ထောင်ချောက်များ (booby-traps) သို့မဟုတ် ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုသည့် ဖြစ်ရပ်များကို Monitor က ဆက်လက်မှတ်တမ်း တင်ခဲ့သည်။ မိုင်းထိမှန်သူ အများစုသည် အမှိုက်ကောက်ခြင်း သို့မဟုတ် ရောင်းချရန် ပစ္စည်းရှာဖွေခြင်းများ လုပ်ဆောင်နေသူများ ဖြစ်ကြသည်။[၆၃]

## လက်သည်မပေါ်သော မိုင်းအသစ် အသုံးပြုမှု

လက်နက်ကိုင်အဖွဲ့များ များပြားလှသောကြောင့် ပဋိပက္ခဖြစ်ပွားရာဒေသရှိ ဒေသခံများအနေဖြင့် ၎င်းတို့ရွာတွင် သေဆုံးဒဏ်ရာရမှု ဖြစ်စေခဲ့သော မိုင်းကို မည်သည့်အဖွဲ့က ထောင်ထားသည်ကို သိရှိရန် ခက်ခဲလေ့ရှိသည်။ ၂၀၂၅ ခုနှစ် ပထမနစ်ဝက်အတွင်း ကရင်နှင့် ရှမ်းပြည်နယ်များ၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် သေဆုံးမှုနှင့် ဒဏ်ရာရမှုများသည် အမည်မသိ လက်

---

၅၅။ ၂၀၂၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ခလရ-၂၃၅ မှ စစ်ကြောင်းသည် Peacock Brother Urban Guerilla အဖွဲ့မှ ထောင်ထားသောမိုင်းများ နင်းမိခဲ့ကြသည်။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်။

၅၆။ "Elderly man loses leg in landmine explosion near Bangladesh-Myanmar border"၊ Dhaka Tribune၊ ၈ နိုဝင်ဘာ ၂၀၂၄။

၅၇။ Karen Human Rights Group (KHRG)၊ "KHRG Submission to the International Campaign to Ban Landmines (ICBL)၊ ဩဂုတ် ၂၀၂၃- ဩဂုတ် ၂၀၂၄"၊ ၂၂ စက်တင်ဘာ ၂၀၂၄။

၅၈။ KHRG၊ "KHRG Submission to the International Campaign to Ban Landmines (ICBL)၊ ဩဂုတ် ၂၀၂၄- ဩဂုတ် ၂၀၂၅"၊ ၁၂ စက်တင်ဘာ ၂၀၂၅။

၅၉။ KHRG၊ "Mu Traw District Short Update: A landmine explosion killed one monk and left another injured in Bu Tho Township (January 2025)"၊ ၂၅ မေ ၂၀၂၅။

၆၀။ KHRG၊ "KHRG Submission to the International Campaign to Ban Landmines (ICBL)၊ ဩဂုတ် ၂၀၂၄- ဩဂုတ် ၂၀၂၅"၊ ၁၂ စက်တင်ဘာ ၂၀၂၅။ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအရ ရွာသားများမှ မိုင်းထောင်ထားခဲ့သော အစုအဖွဲ့ တိတိကျကျကို အပြည့်အစုံ ဖော်ပြခဲ့ခြင်း မရှိပေ။

၆၁။ ပအိုဝ်းဒေသမှ လက်နက်ကိုင်အဖွဲ့များကြား အငြင်းပွားမှုများသည် လူသတ်မိုင်းများကို ထိထိရောက်ရောက် အသုံးချမှုအထိ ပါဝင်လာခဲ့သည်။ BPHWT၊ "BPHWT 2024 Annual Report"၊ ၃ ဖွန် ၂၀၂၅၊ စာမျက်နှာ-၁၆။ ၂၀၂၄ ခုနှစ်တွင် ၎င်းနယ်မြေများ၌ အရပ်သားထိခိုက်သေဆုံးမှုများ မြင့်တက်လာမှုကို Monitor မှ မှတ်တမ်းတင်ခဲ့သည်။

၆၂။ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ရပ် ၉၁ ခုကို Monitor မှ မှတ်တမ်းတင်ထားခဲ့သည်။

၆၃။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဒီဇင်ဘာလအတွင်းတွင် စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်များမှ အမှိုက်ကောက်သူများနှင့် အမှိုက်ပစ်သူများကြား ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှု အနည်းဆုံး ၁၁ခုထက်မနည်းကို Monitor မှ မှတ်တမ်းတင်ထားခဲ့သည်။

နက်ကိုင်အဖွဲ့များကြောင့်ဟု သတ်မှတ်ရသော မိုင်းများကြောင့်ဖြစ်သည်။[၆၄]

နိုင်ငံတဝှမ်း လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်လာခြင်းကြောင့် စစ်ကျန်ပေါက်ကွဲစေတတ်သောပစ္စည်းများ (ERW) ကြောင့် ထိခိုက်သေဆုံးမှုများ တိုးလာနေပြီး၊ အများစုမှာ ကလေးငယ်များဖြစ်ကာ ကျန်ရစ်ခဲ့သော ခဲယမ်းများကို ကိုင်တွယ်ရာမှ ဒဏ်ရာရရှိကြခြင်း ဖြစ်သည်။[၆၅]

မကြာသေးမီနှစ်များအတွင်း မည်သည့် လက်နက်ကိုင်အဖွဲ့ကမျှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား လူသတ်မိုင်း အသုံးပြုမှုကို ပိတ်ပင်ခြင်း မရှိခဲ့ပါ။ ယခင်နှစ်များက မြန်မာနိုင်ငံရှိ အချို့သော NSAG များသည် လူသတ်မိုင်း အသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြသည်။[၆၆] ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) သည် ၂၀၀၇ ခုနှစ်တွင် မိုင်းအသုံးပြုမှုကို စွန့်လွှတ်ခဲ့ပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သည် ယခင်က မိုင်းအသုံးပြုမှုကို ရှောင်ကြဉ်မည်ဟု ကတိပြုခဲ့ဖူးသည်။[၆၇] ၂၀၁၇ ခုနှစ် ဇွန်လတွင် TNLA က လူသတ်မိုင်းအသစ်အသုံးပြုမှု စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။[၆၈] ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် AA က ၎င်းတို့သည် အဝေးထိန်းမိုင်းများကိုသာ အသုံးပြုကြောင်း ပြောကြားခဲ့သော်လည်း မြန်မာ့တပ်မတော်မှ သိမ်းဆည်းရမိသော လူသတ်မိုင်းများ၏ အခြေအနေနှင့် ပတ်သက်၍မူ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပါ။[၆၉]

## သက်ရောက်မှုများကို ဆန်းစစ်ခြင်း

မြန်မာ့တပ်မတော်နှင့် နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAGs) အကြား ပဋိပက္ခများကြောင့် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအန္တရာယ် အကြီးအကျယ် ရှိနေသည်။ ၂၀၂၄ ခုနှစ် ကုလသမဂ္ဂ (UN) အစီရင်ခံစာအရ နိုင်ငံသည် "မြေမြှုပ်မိုင်းများဖြင့် ပြည့်နှက်နေသည်" ဟု ဆိုသည်။ မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများ (ERW) သည် နေရပ်စွန့်ခွာရသူများ မိမိတို့ မူလနေရပ်သို့ ပြန်နိုင်ရေး အခွင့်အလမ်းများကိုလည်း အဟန့်အတား ဖြစ်စေသည်။

---

၆၄။ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွင် လဲကျနေသောသစ်ပင်များကြောင့် ဖြစ်ပေါ်လျက်ရှိသော လမ်းပိတ်ဆို့မှုများအနီးတွင် ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် လူများစွာ ထပ်ဖန်တလဲလဲ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရွာသားများမှ အဆိုပါ လမ်းပိတ်ဆို့မှုများတွင် ထောင်ထားသော မိုင်းများမှာ စစ်တပ်လက်ချက်လား သို့မဟုတ် စစ်တပ်ခုခံသောအဖွဲ့များ၏ လက်ချက်လား ဆိုသည်ကို နှစ်ဘက်စလုံးမှ လှုပ်ရှားနေသော နယ်မြေဖြစ်သည့်အတွက် ၎င်းတို့ မသိရှိရကြောင်း ပြောကြားခဲ့သည်။ "Two Landmine Explosions Near Mayanchaung Village in Yebyu Township Leave One Child Dead"၊ Independent Mon News Agency၊ ၄ စက်တင်ဘာ ၂၀၂၅ တွင်ကြည့်ရန်။ ၂၀၂၄ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်းတွင် မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့ကြားမှ လက်နက်ကိုင်ပဋိပက္ခကြောင့် အချို့နေရာများတွင် မိုင်းများကျန်ရှိနေခဲ့ပြီး အရပ်သား ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရွာသားများအနေဖြင့် မိုင်းကြောင့် ထိခိုက်သေဆုံးမှုများအတွက် မည်သူ့တွင် တာဝန်ရှိကြောင်းကိုမူ သေချာရေရာမှု မရှိကြပေ။ "Displaced Civilians Risk Landmine Dangers While Working Near Conflict Zones"၊ Independent Mon News Agency၊ ၆ ဇန်နဝါရီ ၂၀၂၅ တွင်ကြည့်ရန်။ ၂၀၂၄ ခုနှစ် မေလတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ခါဝကျေးရွာ၌ မြေမြှုပ်မိုင်းကြောင့် ကလေးသူငယ် လေးဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ရွာသားများမှ အဆိုပါ နယ်မြေကို လက်ရှိထိန်းချုပ်ထားသော AA မှထောင်ထားခဲ့ခြင်း သို့တည်းမဟုတ် ယခင်ရှိခဲ့သော မြန်မာ့တပ်မတော်မှ ထောင်ထားခဲ့ခြင်း ဖြစ်နိုင်သည်ဟု ပြောကြားကြသည်။ "Landmine Blast in Paletwa Kills Four Children Instantly, Injures One"၊ Burma News International (BNI)၊ ၁၁ မေ ၂၀၂၄ တွင်ကြည့်ရန်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့နှင့် ဇွန်လ ၃၀ ရက်နေ့အတွင်းတွင် လူသတ်မိုင်း သို့မဟုတ် စစ်အကြွင်းအကျန်ပစ္စည်းများ (ERW) ကြောင့် အရပ်သား သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ အနည်းဆုံး ၉၅ ခုထက်မနည်းကို Monitor မှ စောင့်ကြည့်မှတ်တမ်းတင်ခဲ့ပြီး ၎င်းဖြစ်စဉ်များမှာ မည်သည့်အဖွဲ့ကမျှ တာဝန်ယူမှုမရှိသော သို့မဟုတ် အမည်မသိ လက်နက်ကိုင်အဖွဲ့လက်ချက်ဟု ယူဆရသော အဖြစ်အပျက်များ ဖြစ်သည်။

၆၅။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကော်လူဒါးကျေးရွာ လမ်းမကြီးဘေး၌ တွေ့ရှိခဲ့သည့် မပေါက်ကွဲသေးသော မော်တာကျည်ဖူးကို ကိုင်မိသောကြောင့် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ KHRG၊ "KHRG Submission to the International Campaign to Ban Landmines (ICBL)၊ ဩဂုတ် ၂၀၂၃- ဩဂုတ် ၂၀၂၄"၊ ၂၂ စက်တင်ဘာ ၂၀၂၄။

၆၆။ အတိတ်ကာလတွင် မြန်မာပြည်ရှိ အချို့ NSAG များနှင့် ယခင် NSAG များသည် ကတိကဝတ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် လူသတ်မိုင်းအသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော် (CNF/CNA) မှ ၂၀၀၆ ခုနှစ်တွင် မိုင်းအသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ ယခုအခါ နှစ်ဖွဲ့စလုံး ပျောက်ကွယ်သွားပြီဖြစ်သော The Arakan Rohingya National Organization (ARNO) နှင့် the National United Party of Arakan (NUPA) တို့မှာ ၂၀၀၃ ခုနှစ်တွင် မိုင်းအသုံးပြုမှုကို စွန့်လွှတ်ခဲ့ကြသည်။ လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ (PSLA) နှင့် ပအိုဝ်းလူမျိုးလွတ်မြောက်ရေးအဖွဲ့/ပအိုဝ်းလူမျိုးလွတ်မြောက်ရေးတပ်မတော် (PPLO/PPLA) တို့မှာ ၂၀၀၇ ခုနှစ်တွင် မိုင်းအသုံးပြုမှုကို စွန့်လွှတ်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ် ဇွန်လတွင် Geneva Call မှ LDF နှင့် PPLAတို့မှာ အဖွဲ့ပျက်သွားပြီဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

၆၇။ ၂၀၁၄ ခုနှစ်မှ စ၍ Geneva Call သည် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ မိုင်းအသုံးပြုမှုအပေါ် စွပ်စွဲချက်များကို စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ Geneva Call၊ "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State"၊ ၁၄ ဇူလိုင် ၂၀၁၆ တွင်ကြည့်ရန်။

၆၈။ Amnesty International၊ "All the Civilians Suffer: Conflict, Displacement and Abuse in Northern Myanmar"၊ ၁၄ ဇွန် ၂၀၁၇၊ စာမျက်နှာ-၄၄ တွင်ကြည့်ရန်။

၆၉။ "Military-planted landmines causing civilian casualties in Arakan State: AA spokesman"၊ DMG၊ ၁၁ ဇူလိုင် ၂၀၂၂။

၁၉၉၉ ခုနှစ်မှစ၍ Monitor မှ မှတ်တမ်းတင်လာခဲ့ရာ နှစ်စဉ် မြန်မာနိုင်ငံအတွက် မိုင်း/ERW ထိခိုက်သေဆုံးမှု မြင့်မားသော အရေအတွက်ကို အစီရင်ခံခဲ့သည်။ Monitor သည် ၂၀၂၃ ခုနှစ်တွင် လူတစ်ထောင်ကျော် သေဆုံး သို့မဟုတ် ဒဏ်ရာရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ထိခိုက်သေဆုံးသူ နှစ်ထောင်ကျော် ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မိုင်း/ERW ဖြစ်ရပ်များ မြင့်တက်လာရခြင်းသည် မိုင်းအသုံးပြုမှုနှင့် ပဋိပက္ခများ ပြင်းထန်လာခြင်းတို့ကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် မိုင်းလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်း မရှိဘဲ၊ နိုင်ငံတကာ မိုင်းရှင်းလင်းရေး အဖွဲ့အစည်းများကိုလည်း ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ခွင့် မပြုပါ။ မိုင်းလုပ်ငန်းဆိုင်ရာ တာဝန်ယူမှု နယ်ပယ် (MA AoR) အနေဖြင့် စနစ်တကျ မိုင်းအန္တရာယ်စစ်တမ်းများ ကောက်ယူရန် တိုက်တွန်းထားသော်လည်း မြန်မာ့တပ်မတော်နှင့် NSAG နှစ်ဖက်စလုံး၏ မိုင်းရှင်းလင်းရေး ကြိုးပမ်းမှုများမှာ နည်းပါးပြီး ညှိနှိုင်း ဆောင်ရွက်မှု မရှိသေးပေ။

MA AoR သည် အန္တရာယ် အသိပညာပေးခြင်းနှင့် မိုင်းထိခိုက်သူအားအကူအညီပေးခြင်းဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်မှုများကိုလည်း ပံ့ပိုးပေးပါသည်။ ၂၀၂၄ ခုနှစ်တွင် အသက်ရှင်ကျန်ရစ်သူများ၏ အကူအညီ ရယူနိုင်ခွင့်မှာ အလွန်အကန့်အသတ်ရှိခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း၊ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း၊ မိုင်း/ERW အန္တရာယ်ရှိခြင်းနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ဆုံးရှုံးခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် မိုင်းထိခိုက်သူများအားအကူအညီပေးမှုလက်လှမ်းမီနိုင်ခွင့်မှာ သိသိသာသာ ကျဆင်းလာခဲ့သည်။ ကျန်းမာရေး အဆောက်အအုံများ ပျက်စီးခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းများ ရှိပြီး၊ အသက်ရှင်ကျန်ရစ်သူများသည် အထူးသဖြင့် ကျေးလက်နှင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဆေးဝါးကုသမှု၊ ပြန်လည်ထူထောင်ရေး၊ ခြေတုလက်တုနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေး အထောက်အပံ့များ ရရှိရန် အကန့်အသတ်များနှင့် ရင်ဆိုင်နေရသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ဦးတည်အုပ်စုများသတ်မှတ်၍ ထောက်ပံ့မှုများ ဆက်လက် ပေးအပ်နေသော်လည်း ကြီးထွားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည် မလုံလောက်သေးပါ။

လုပ်ဆောင်ရမည့် အချက်များ -

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများနှင့်အညီ၊ နိုင်ငံတကာ မိုင်းလုပ်ငန်း စံချိန်စံညွှန်းများ (IMAS) နှင့်အညီ မြေနေရာပြန်လည်ထုတ်ပေးခြင်း လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မိုင်းလုပ်ငန်း အော်ပရေတာများကို ခွင့်ပြုပေးရေး ကြိုးပမ်းအားထုတ်မှုများ ဆက်လက်လုပ်ဆောင်ရန်။
- မိုင်းထိခိုက်သူအား အကူအညီပေးခြင်း နှင့် အားလုံးပါဝင်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို အသိပေးနိုင်ရန်အတွက် မိုင်းအန္တရာယ်ရှိမှု၊ အသက်ရှင်ကျန်ရစ်သူများနှင့် မသန်စွမ်းသူများ (ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရသူများ အပါအဝင်) ဆိုင်ရာ အချက်အလက် ကောက်ယူခြင်းနှင့် အစီရင်ခံခြင်းများကို စနစ်တကျ အားဖြည့်ဆောင်ရွက်ရန်။
- လေ့ကျင့်သင်ကြားထားသော ဆေးဘက်ဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေး ဝန်ထမ်းများ ပိုမိုရရှိနိုင်ရေး၊ ပျက်စီးသွားသော ကျန်းမာရေး အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ရေးနှင့် မိုင်း/ERW ကြောင့် အသက်ရှင်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာနှင့် အတားအဆီးမရှိ ရယူနိုင်ရေး သေချာစေရန်။

စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ တိုးလာနေသည်ကို ဖြေရှင်းရန်အတွက် မိုင်း/ERW ဒဏ်ရာရသူများနှင့် အခြားသော ပဋိပက္ခဆိုင်ရာ စိတ်ဒဏ်ရာရသူများ (နေရပ်စွန့်ခွာရသူများ အပါအဝင်) အတွက် အထူးပြုစောင့်ရှောက်မှုများ အပါအဝင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေး ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်။

## ထိခိုက်သေဆုံးမှုများ (၂၀၂၄ ခုနှစ်ကုန်အထိ)




| နှစ် | သေဆုံး | ဒဏ်ရာရ | မသိရ | စုစုပေါင်း | ပြီးခဲ့သည့်နှစ်က အပြောင်းအလဲ | |
|---|---|---|---|---|---|---|
| 2024 | 253 | 1,768 | 8 | 2,029 | ↗ | +1,026 |




မှတ်ချက်- AP = လူသတ်မိုင်း၊ AV = ယာဉ်တိုက်မိုင်း၊ ERW = စစ်ကျန်ပေါက်ကွဲစေတတ်သော ပစ္စည်းများ။

## မိုင်းအန္တရာယ်ရှိမှု (၂၀၂၄ ခုနှစ်ကုန်အထိ)

| အမျိုးအစား | ပမာဏ | ပေါက်ကွဲစေသည့်ခဲယမ်းအများဆုံး ထိခိုက်ခံရသော ဒေသ ၅ ခု |
|---|---|---|
|  | မသိရသော်လည်း များပြားနိုင် |  |
|  | မသိရ | |
|  | မသိရ | |

မှတ်ချက်- EO = ပေါက်ကွဲစေတတ်သော ခဲယမ်းများ။

## သက်ရောက်မှုများကို ဆန်းစစ်ခြင်း

### ထိခိုက်သေဆုံးမှုများ

မြန်မာနိုင်ငံတွင် မိုင်း/စစ်ကျန်ပေါက်ကွဲစေတတ်သော ပစ္စည်း (ERW) ကြောင့် ထိခိုက်သေဆုံးမှု အချက်အလက်များကို ကောက်ယူရန် တရားဝင် ယန္တရား မရှိပါ။ Monitor သည် ၁၉၉၉ ခုနှစ်မှစ၍ ရင်းမြစ်မျိုးစုံမှ အချက်အလက်များကို နှစ်စဉ် ကောက်ယူခဲ့သော်လည်း ရရှိနိုင်သော ရင်းမြစ်များမှ အစီရင်ခံစာများသည် ဖြစ်ရပ်များနှင့် ထိခိုက်သေဆုံးမှု အတိုင်းအတာ အပြည့်အစုံကို ထင်ဟပ်နိုင်ဖွယ် မရှိပါ။

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့တစ်ဝန်း မိုင်း/ERW ကြောင့် ထိခိုက်သေဆုံးမှုအသစ် အများဆုံး မှတ်တမ်းတင်ခဲ့ပြီး၊ ဒုတိယမြောက် ဆက်တိုက်နှစ်အဖြစ် ထိခိုက်မှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင် ထိခိုက်သေဆုံးမှု သိသိသာသာ မြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၅၄၅ ဦး၊ ၂၀၂၃ ခုနှစ်တွင် ၁,၀၀၃ ဦး ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၂,၀၂၉ ဦးအထိ တိုးလာခဲ့သည်။[၇၀] ၂၀၂၄ ခုနှစ်တွင် ထိခိုက်သေဆုံးသူ အားလုံး၏ သုံးပုံနှစ်ပုံ (၁,၃၅၂ ဦး သို့မဟုတ် ၆၆%) သည် လူသတ်မိုင်းများကြောင့် ဖြစ်ပြီး၊ ထိခိုက်သေဆုံးသူ အားလုံး၏ ၈၆% သည် အရပ်သားများ ဖြစ်ကြသည်။

၁၉၉၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကုန်အထိ၊ Monitor သည် စုစုပေါင်း ထိခိုက်သေဆုံးသူ ၉,၂၀၆ ဦး (သေဆုံး ၁,၅၄၀၊ ဒဏ်ရာရ ၇,၅၃၂ နှင့် အသက်ရှင်ကျန်ရစ်မှု အခြေအနေ မသိရသူ ၁၃၄ ဦး) ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် မိုင်း/ERW ကြောင့် ထိခိုက်သေဆုံးသူ စုစုပေါင်းအရေအတွက် (ခေတ်အဆက်ဆက်) ကို မသိရှိရပါ။

## မိုင်းအန္တရာယ်ရှိမှု

### မြေမြှုပ်မိုင်း အန္တရာယ်ရှိမှု

၁၉၉၉ ခုနှစ်တွင် ပထမဆုံး Landmine Monitor နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်ချိန်မှစ၍၊ မြန်မာ့တပ်မတော် နှင့် မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း (NSAG) အမျိုးမျိုးတို့က လူသတ်မိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြောင်း Monitor က မှတ်တမ်းတင်ခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မိုင်းအသစ်အသုံးပြုမှုများသည် မိုင်းအန္တရာယ်ရှိမှု အတိုင်းအတာကို တိုးလာစေခဲ့သည်။ မြန်မာ့တပ်မတော်နှင့် အာဏာသိမ်းမှုဆန့်ကျင်ရေး အဖွဲ့သစ်များ အပါအဝင် NSAG များသည် မိုင်းများကို ဆက်လက်ထောင်နေကြသည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ မြို့နယ် ၃၃၀ အနက် ၂၁၁ မြို့နယ်တွင် မိုင်း/ERW အန္တရာယ်ရှိသည်ဟု သတင်းပို့ထားသည်။ ၎င်းသည် ၂၀၂၀ ခုနှစ်တွင် အစီရင်ခံထားသော မိုင်းဒဏ်သင့် မြို့နယ် ၁၀၀ နှင့် ၂၀၂၃ ခုနှစ်တွင် အစီရင်ခံထားသော ၁၉၀ မှ ထပ်မံတိုးလာခြင်းဖြစ်ပြီး၊ ၂၀၂၀ နှင့် ၂၀၂၁ ကြားတွင် မြို့နယ် ၅၂ ခု အသစ်တိုးလာကာ အကြီးမားဆုံး နှစ်ပတ်လည် တိုးလာမှု ဖြစ်ခဲ့သည်။[၇၁] ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် "မြေမြှုပ်မိုင်းများနှင့် ပြည့်နက်နေသည်" ဟု ကုလသမဂ္ဂက အစီရင်ခံခဲ့သည်။[၇၂]

မြန်မာ့တပ်မတော်သည် ကျေးရွာများ၊ နေအိမ်များအနီးနှင့် ဘုရားကျောင်းများကဲ့သို့သော အများပြည်သူဆိုင်ရာ အဆောက်အအုံများ ဝန်းကျင်တွင် မြေမြှုပ်မိုင်းများကို မကြာခဏ ထောင်လေ့ရှိကြောင်း အစီရင်ခံစာများက ဖော်ပြသည်။[၇၃] မိုဘိုင်းဖုန်းတာဝါတိုင်များ၊ ကြေးနီမိုင်းများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများအနီးတွင်လည်း မြန်မာ့တပ်မတော်က လူသတ်မိုင်းများ ထောင်ထားကြောင်း အစီရင်ခံစာများက ဖော်ပြသည်။[၇၄]

လူနေရပ်ကွက်များအတွင်း မိုင်း/ERW အန္တရာယ် ပျံ့နှံ့လာခြင်းသည် အရပ်သားများအတွက် အန္တရာယ်များ မြင့်တက်လာစေသည်။ လက်လုပ်ပေါက်ကွဲစေသည့် ပစ္စည်းများ (IEDs) အသုံးပြုမှု တိုးလာခြင်းနှင့် လူနေထူထပ်သောဒေသများနှင့် တိုက်ပွဲဖြစ်ပွားရာ

---

၇၀။ Monitor casualty dataset for Myanmar။

၇၁။ Myanmar Information Management Unit (MIMU)၊ "Insights on Suspected Landmine/ERW Contamination (1999–2025) and Casualties (2020–2024)"၊ ရက်စွဲမသိရ။

၇၂။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး (UNOCHA)၊ "Myanmar Humanitarian Needs and Response Plan 2024: Addendum"၊ ဇွန် ၂၀၂၄၊ စာမျက်နှာ-၃။

၇၃။ Amnesty International၊ "Myanmar: Military’s use of banned landmines in Kayah State amounts to war crimes"၊ ၂၀ ဇူလိုင် ၂၀၂၂။

၇၄။ Marwaan Macan-Markar၊ "Myanmar land mine danger grows as military rings Chinese assets"၊ Nikkei Asia၊ ၃ ဇူလိုင် ၂၀၂၃။

ဖုန်များအနီးရှိ စိုက်ပျိုးခင်းများအနီးတွင် မပေါက်ကွဲသေးသော ခဲယမ်းများ ရှိနေခြင်းသည်လည်း ခြိမ်းခြောက်မှုအသစ်များ ဖြစ်လာစေသည်။[၇၅]

## အခြားသော မိုင်းအန္တရာယ်များ

ERW အန္တရာယ် အတိုင်းအတာကိုလည်း မသိရသေးပါ။ လက်ရှိနှင့် အတိတ်က ပဋိပက္ခများမှ (ဒုတိယ ကမ္ဘာစစ်လက်ကျန် ခဲယမ်းများ အပါအဝင်) ERW များသည် မြန်မာနိုင်ငံတွင် ထိခိုက်သေဆုံးမှုများကို ဆက်လက် ဖြစ်ပေါ်စေကြောင်း အစီရင်ခံစာများက ဖော်ပြသည်။[၇၆]

## သက်ဆိုင်ရာ ကွန်ဗင်းရှင်းများသို့ လိုက်နာရန် တာဝန်ရှိမှုများ

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (CRPD) ကို အတည်ပြုခဲ့ပြီး ကွန်ဗင်းရှင်းအရ မိုင်းထိခိုက်သူများအား အကူအညီပေးရန် တာဝန်များနှင့် ကတိကဝတ်များ ရှိသည်။[၇၇] မြန်မာနိုင်ငံသည် မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် သို့မဟုတ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်(CCM) တွင် အဖွဲ့ဝင်မဟုတ်ပါ။ မြန်မာနိုင်ငံသည် သမားရိုးကျ လက်နက်များဆိုင်ရာကွန်ဗင်းရှင်း(CCW) သို့မဟုတ် ၎င်း၏ ERW ဆိုင်ရာ ပရိုတိုကော V တွင်လည်း ပါဝင်ခြင်း မရှိသေးပါ။

## သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်း

### မြေနေရာပြန်လည်ထုတ်ပေးခြင်း

မြန်မာနိုင်ငံရှိ မိုင်းလုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေး ယန္တရား အများစုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးကတည်းက ရပ်ဆိုင်းခဲ့ရပြီး အစိုးရမဟုတ်သော အေဂျင်စီများအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများကို တားမြစ်ထားဆဲဖြစ်သည်။[၇၈]

ထို့ကြောင့် ညှိနှိုင်းဆောင်ရွက်မှုအသစ်များ လိုအပ်လာခြင်းကို ဖြေရှင်းရန်အတွက် မိုင်းလုပ်ငန်းဆိုင်ရာ တာဝန်ယူမှုနယ်ပယ် (MA AoR) ကို ၂၀၂၂ ခုနှစ်တွင် စတင်လှုပ်ရှားခဲ့သည်။ ၎င်းသည် မိုင်းအန္တရာယ်စစ်တမ်းများ စနစ်တကျ ကောက်ယူရန် တိုက်တွန်းပြီး၊ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော ခဲယမ်း (EO) ဒဏ်သင့်ဒေသများကို တိကျစွာ မြေပုံရေးဆွဲခြင်းဖြင့် အချက်အလက် စီမံခန့်ခွဲမှုကို အားကောင်းစေရန်၊ အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချခြင်းကို တိုးတက်စေရန်၊ အန္တရာယ် အသိပညာပေး လုပ်ငန်းများကို ပံ့ပိုးရန်နှင့် အနာဂတ် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ကျယ်ပြန့်စွာ ပြင်ဆင်ရန် ရည်ရွယ်သည်။[၇၉]

၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကချင်၊ ကရင်၊ ရှမ်းမြောက်နှင့် ရခိုင်ပြည်နယ်များတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြန်မာ့တပ်မတော်က သတင်းထုတ်ပြန်သည်။[၈၀] သို့သော် မြန်မာနိုင်ငံရှိ မိုင်းရှင်းလင်းရေး ကြိုးပမ်းမှုများသည် နည်းပါးပြီး ညှိနှိုင်းဆောင်ရွက်မှု မရှိကြောင်း Human Rights Watch (HRW) က အစီရင်ခံထားသည်။ ဘက်ဟိုး (backhoe) တပ်ဆင်ထားသော ငှားရမ်းယာဉ်များဖြင့် မိုင်းဒဏ်သင့် မြေများကို ရှင်းလင်းရန် ကြိုးပမ်းခြင်း အပါအဝင် ဒေသတွင်း မိုင်းရှင်းလင်းခြင်းများ

---

၇၅။ Mine Action Area of Responsibility (MA AoR) Myanmar၊ "Strategy 2025–2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၄။ Independent Mon News Agency၊ "Displaced Civilians Risk Landmine Dangers While Working Near Conflict Zones"၊ Independent Mon News Agency News၊ ၇ ဇန်နဝါရီ ၂၀၂၅ နှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ "Myanmar Country Office Humanitarian Situation Report No. 6"၊ ၁၈ ဩဂုတ် ၂၀၂၄၊ စာမျက်နှာ-၃။

၇၆။ MA AoR Myanmar၊ "Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၄။ UNICEF၊ "Myanmar Landmine and Explosive Ordnance Incidents Information: Factsheet January to June 2025"၊ အောက်တိုဘာ ၂၀၂၅။ Karen Human Rights Group (KHRG)၊ "Statement on International Day for Mine Awareness and Assistance in Mine Action"၊ ၄ ဧပြီ ၂၀၂၅။ ဖဒူထွန်းအောင်၊ "One woman dead and nine others injured after bomb explodes in Minbya"၊ Myanmar Now၊ ၁၂ ဇန်နဝါရီ ၂၀၂၁။ "Unexploded WWII bombs discovered at central Myanmar sports ground"၊ Coconuts Yangon၊ ၃၀ စက်တင်ဘာ ၂၀၁၅။

၇၇။ United Nations Human Rights Treaty Bodies၊ "Ratification Status for Myanmar"၊ ရက်စွဲမသိရ။

၇၈။ MA AoR Myanmar၊ "Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၃။

၇၉။ MA AoR Myanmar၊ "Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၇။

၈၀။ မြန်မာနိုင်ငံမှ တင်သွင်းခြင်း၊ "Mine Action in Myanmar"၊ လန်ချန်း-မဲခေါင်ဒေသ မိုင်းလုပ်ငန်းဆိုင်ရာ ဒေသတွင်းနှီးနှောဖလှယ်ပွဲ၊ ဆီရမ်ရိ၊ ကမ္ဘောဒီးယား၊ ၂၇-၂၉ အောက်တိုဘာ ၂၀၂၅၊ စာမျက်နှာ-၂၄။

ကို ရွာသားအချို့က သတင်းပို့ခဲ့ကြသည်။[၈၁] HRW ၏ အဆိုအရ၊ စစ်တပ်များ သည် ကလေးများအပါအဝင် ရွာသားများကို "လူသား မိုင်း ရှင်းသူများ" အဖြစ် အတင်းအကျပ်ခိုင်းစေကာ ပေါက်ကွဲစေ တတ်သော ပစ္စည်းများကို ဖောက်ခွဲရန်အတွက် တပ်ဖွဲ့ဝင်များ၏ရှေ့မှ လမ်းလျှောက်ခိုင်းမှုများ တိုးလာနေသည်။[၈၂]

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တပ်ဖွဲ့များ ဒေသတစ်ခုမှ ဆုတ်ခွာသွားပြီးနောက် မြေပြင်ရှင်းလင်းရန် စစ်အာဏာရှင်ဆန့်ကျင်ရေး ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) တပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ခဲ့ကြောင်း ၂၀၂၃ ခုနှစ်တွင် သတင်းများ ထွက်ပေါ်ခဲ့သည်။ KNDF ရဲဘော်များသည် သတ္တုရှာဖွေစက်များ အသုံးမပြုဘဲ မိုင်းများကို ရှာဖွေရန်အတွက် ချုံနွယ်များကို လူကိုယ်တိုင် ရှင်းလင်းနေရကြောင်း သတင်းရရှိသည်။ မိုင်းရှင်းလင်းရေးအတွက် ဦးစားပေးမှာ စိုက်ပျိုးရေးမြေများ ရရှိနိုင်ရေးဖြစ်သည်။[၈၃]

အချို့သော NSAG များသည် စစ်ကောင်စီထောင်ထားသော မိုင်းများကို လယ်ယာမြေများမှ ဖယ်ရှားပြီး ပြန်လည်အသုံးပြုရန် စုဆောင်းထားကြသည်။[၈၄]

## အန္တရာယ် အသိပညာပေးခြင်း

အန္တရာယ် အသိပညာပေးခြင်းကို ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဦးဆောင်သော MA AoR က ညှိနှိုင်းဆောင်ရွက်ပါသည်။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံရှိ MA AoR သည် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၊ Inter-Cluster Coordination Group (ICCG)၊ Humanitarian Country Team (HCT) နှင့် Myanmar Humanitarian Fund (MHF) တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဦးစီးဆောင်ရွက်ခဲ့သည်။ မိုင်း/ERW ထိခိုက်သေဆုံးမှု သိသိသာသာ မြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့်၊ ICCG သည် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များ အပါအဝင် အစုအဖွဲ့ (Cluster) စနစ်တစ်ခုလုံးတွင် အန္တရာယ် အသိပညာပေး လုပ်ငန်းများကို ပင်မလုပ်ငန်းစဉ်အဖြစ် ဆက်လက်ထည့်သွင်း ဆောင်ရွက်ခဲ့သည်။ ဤကြိုးပမ်းအားထုတ်မှုများသည် ပထဝီဝင် ဧရိယာလွှမ်းခြုံမှုနှင့် အန္တရာယ် အသိပညာပေး လုပ်ငန်းများ၏ အလုံးစုံသော သက်ရောက်မှုကို တိုးတက်စေခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် မိုင်းလုပ်ငန်း ဝန်ဆောင်မှု လိုအပ်နေသော လူဦးရေ ၅.၆ သန်းအနက် ၄၂၆,၀၀၀ သို့ ရောက်ရှိခဲ့သည်။[၈၅]

## အန္တရာယ် အသိပညာပေးခြင်းအတွက် ဦးတည်အုပ်စုများ

လက်နက်ကိုင်ပဋိပက္ခများ နိုင်ငံတစ်ဝန်း ပျံ့နှံ့နေဆဲဖြစ်ရာ၊ အန္တရာယ် အသိပညာပေး သင်တန်းများ၏ ဦးတည်အုပ်စုများမှာ ကျယ်ပြန့်မြဲကျယ်ပြန့်နေပြီး၊ တိုက်ပွဲဖြစ်ပွားရာ ဒေသများနှင့် မိုင်းအန္တရာယ်ရှိသည်ဟု သိထားသော မြို့နယ်များရှိ တောင်သူလယ်သမားများ၊ သစ်တောနှင့်ပတ်သက်သော လုပ်ငန်းလုပ်ကိုင်သူများ၊ သတ္တုအပိုင်းအစ ကောက်သူများနှင့် အခြားသော ထိခိုက်လွယ်သူများထံ ရောက်ရှိခဲ့သည်။ ကလေးများနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ (IDPs) ထံ ရောက်ရှိရန်လည်း အထူးအလေးပေး ဆောင်

၈၁။ Human Rights Watch (HRW)၊ "Myanmar: Surging Landmine Use Claims Lives, Livelihoods"၊ ၂၀ နိုဝင်ဘာ ၂၀၂၄။ "AA clears junta planted landmines in Kyaukphyu"၊ နိုရဋ္ဌရာသတင်း၊ ၁၂ မတ် ၂၀၂၄ တွင်ကြည့်ရန်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)သည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ သိမ်းယူထားသော ရဲစခန်းမှ မြေမြှုပ်မိုင်းများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ "Junta forces booby trap Gangaw Township police station with mines"၊ မဇ္ဈိမ၊ ၈ နိုဝင်ဘာ ၂၀၂၃။ ချင်းအမျိုးသားတပ်ဦးသည် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိခေါဒါရ်ရှိ အိန္ဒိယ-မြန်မာနယ်စပ်တွင် မြေမြှုပ်မိုင်းများကို ဖယ်ရှားခဲ့ကြောင်းထုတ်ပြန်ခဲ့သည်။ Myanmar Peace Monitor၊ "An interview with Salai Htet Ni, spokesperson for the Chin National Front/Chin National Army (CNF/CNA)"၊ ၂၃ နိုဝင်ဘာ ၂၀၂၃။

၈၂။ Human Rights Watch (HRW)၊ "Myanmar: Surging Landmine Use Claims Lives, Livelihoods"၊ ၂၀ နိုဝင်ဘာ ၂၀၂၄။

၈၃။ "Myanmar's landmine clearers working with pliers and bare hands"၊ မြန်မာနောင်း၊ ၁ စက်တင်ဘာ ၂၀၂၃။

၈၄။ HRW၊ "Myanmar: Surging Landmine Use Claims Lives, Livelihoods"၊ ၂၀ နိုဝင်ဘာ ၂၀၂၄။

၈၅။ UNICEF၊ "Myanmar: Humanitarian Situation Report (End of Year 2023)"၊ ၁၄ ဖေဖော်ဝါရီ ၂၀၂၄၊ စာမျက်နှာ-၄။ UNOCHA၊ "Myanmar: Humanitarian Needs and Response Plan 2024, Year-end Dashboard (Jan-Dec 2024)"၊ ၁၇ ဖေဖော်ဝါရီ ၂၀၂၅၊ စာမျက်နှာ ၁ နှင့် ၃။ UNOCHA၊ "Humanitarian Needs and Response Plan 2025"၊ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၄၀ နှင့် UNOCHA၊ "Humanitarian Needs and Response Plan 2024"၊ ဒီဇင်ဘာ ၂၀၂၃၊ စာမျက်နှာ-၃၉။

ရှက်ခဲ့သည်။[၈၆]

## အန္တရာယ် အသိပညာပေးခြင်း ပေးပို့သည့် နည်းလမ်းများ

အန္တရာယ် အသိပညာပေးခြင်းကို သီးခြားလုပ်ရှားမှုတစ်ခုအနေဖြင့်လည်းကောင်း၊ မိုင်း အန္တရာယ်စစ်တမ်းများ၊ မိုင်းထိခိုက်သူများအား အကူအညီပေးခြင်းနှင့် အရေးပေါ်ကြိုတင်ပြင်ဆင်မှု အစီအစဉ်များတွင် ပေါင်းစပ်ခြင်း အပါအဝင် ကျယ်ပြန့်သော လူသားချင်းစာနာမှု တုံ့ပြန်ရေး အစပျိုးမှုများကဲ့သို့သော အခြားလုပ်ငန်းများနှင့် တွဲဖက်၍လည်းကောင်း ပံ့ပိုးပေးခဲ့သည်။ သွားလာခွင့် အကန့်အသတ်များ ရှိနေသော်လည်း၊ မိုင်းလုပ်ငန်း (MA) အော်ပရေတာများနှင့် အခြားသော အဖွဲ့အစည်းများသည် ၂၀၂၄ ခုနှစ်တွင် လမ်းကြောင်းအမျိုးမျိုးမှတဆင့် အရေးကြီးသော ဘေးကင်းလုံခြုံရေး သတင်း အချက်အလက်များကို ပေးပို့ခဲ့သည်။ ယင်းတို့တွင် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ရွာ စေတနာ့ဝန်ထမ်းများ၊ လေ့ကျင့်သင်ကြားထားသော ဆရာ/ဆရာမများနှင့် အရပ်ဘက်အဖွဲ့အစည်းများက လူကိုယ်တိုင် တွေ့ဆုံ ဆွေးနွေးခြင်း များအပြင် ဆိုရှယ်မီဒီယာ၊ မိုဘိုင်းအက်ပ်များနှင့် ကလေးများ၏ အန္တရာယ်အသိပညာပေးလှုပ်ရှားမှုများတွင် ပါဝင်မှုကို မြှင့်တင်ရန် ဂိမ်းများကဲ့သို့သော ဖျော်ဖြေရေးကိရိယာများ စသည့် ဒစ်ဂျစ်တယ်နည်း လမ်းများလည်း ပါဝင်သည်။[၈၇]

## စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

### ဥပဒေနှင့် စံချိန်စံညွှန်းများ

မြန်မာနိုင်ငံတွင် တိကျသော မိုင်းလုပ်ငန်းဆိုင်ရာ ဥပဒေ သို့မဟုတ် အမျိုးသားအဆင့် စံချိန်စံညွှန်းများ မရှိပါ။ သို့သော် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင်၊ အမျိုးသား မိုင်းလုပ်ငန်း အာဏာပိုင်အဖွဲ့ (NMAA) ထူထောင်ရေးနှင့် ရေးဆွဲပြီး ဖြစ်သည်ဟု ဆိုသော မြန်မာနိုင်ငံ အမျိုးသား မိုင်းလုပ်ငန်း စံချိန်စံညွှန်းများ (MNMAS) ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုရန် နိုင်ငံတကာ မိုင်းလုပ်ငန်း စံချိန်စံညွှန်းများ (IMAS) ကို မြန်မာဘာသာသို့ ပြန်ဆိုထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံက သတင်းပို့ခဲ့သည်။[၈၈] လက်ရှိတွင် မိုင်းရှင်းလင်းရေးနှင့် အန္တရာယ် အသိပညာပေး လုပ်ငန်းအဖွဲ့များတွင် ပါဝင်ခြင်း အပါအဝင် အမျိုးသားအဆင့် မိုင်းလုပ်ငန်း ကြိုးပမ်းမှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) လက်အောက်တွင် ဖွဲ့စည်းထားသည်။[၈၉]

### မဟာဗျူဟာများနှင့် မူဝါဒများ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် MA AoR သည် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များအတွက် မဟာဗျူဟာတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမဟာဗျူဟာသည် အန္တရာယ် သတိပြုမိမှု အားကောင်းစေရေး၊ မိုင်းလုပ်ငန်း ကြိုးပမ်းမှုများ၏ ညှိနှိုင်းဆောင်ရွက်မှုကို တိုးတက်စေရေး၊ မြေမြှုပ်မိုင်းနှင့် ERW ကြောင့် အသက်ရှင်ကျန်ရစ်သူများ အတွက် ဘက်စုံ ထောက်ပံ့မှု သေချာစေရေး၊ နှင့် အရပ်သားများအပေါ် မြေမြှုပ်မိုင်းနှင့် လူထိသည်နှင့် ပေါက်ကွဲ စေသည့် IED များ၏ အသုံးပြုမှုနှင့် သက်ရောက်မှုကို လျှော့ချပြီး အဆုံးစွန်၌ အဆုံးသတ်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန် ရည်ရွယ်သည့် အဓိက ရည်မှန်းချက် ၄ ရပ်ကို အာရုံစိုက်ထားသည်။[၉၀]

---

၈၆။ Matthew Walsh ၏ Monitor စစ်တမ်းမေးခွန်းလွှာအပေါ် တုံ့ပြန်ချက်၊ Humanitarian Response and Mine Action (HRMA) ၏အကြီးအကဲ၊ Danish Refugee Council၊ ၅ ဩဂုတ် ၂၀၂၅၊ UNOCHA၊ "Humanitarian Needs and Response Plan 2024"၊ ဒီဇင်ဘာ ၂၀၂၃၊ စာမျက်နှာ-၅၀ နှင့် UNICEF၊ "Myanmar Country Office Humanitarian Situation Report No.4"၊ ၁၇ ဖွန် ၂၀၂၄၊ စာမျက်နှာ-၄။

၈၇။ Matthew Walsh ၏ Monitor စစ်တမ်းမေးခွန်းလွှာအပေါ် တုံ့ပြန်ချက်၊ HRMA ၏ အကြီးအကဲ၊ Danish Refugee Council၊ ၅ ဩဂုတ် ၂၀၂၅၊ UNOCHA၊ "Humanitarian Needs and Response Plan 2025"၊ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၅၅၊ Humanity & Inclusion (HI)၊ "Myanmar"၊ ရက်စွဲမသိရ၊ The HALO Trust၊ "Myanmar"၊ ရက်စွဲမသိရ၊ Mines Advisory Group (MAG)၊ "Summative Evaluation: MAG's Humanitarian Mine Action Multi-Country Programme 2022-2025 funded by the Government of Norway"၊ August 2025, စာမျက်နှာ-၃၂။

၈၈။ မြန်မာနိုင်ငံမှ တင်သွင်းခြင်း၊ "Mine Action in Myanmar"၊ လန်ချန်း-မဲခေါင်ဒေသ မိုင်းလုပ်ငန်းဆိုင်ရာ ဒေသတွင်းနီးနှောဖလှယ်ပွဲ၊ ၂၇-၂၉ အောက်တိုဘာ ၂၀၂၅၊ ဆီးရမ်ရိ၊ ကမ္ဘောဒီးယား၊ စာမျက်နှာ ၁၂ နှင့် ၁၄။

၈၉။ မြန်မာနိုင်ငံမှ တင်သွင်းခြင်း၊ "Mine Action in Myanmar"၊ လန်ချန်း-မဲခေါင်ဒေသ မိုင်းလုပ်ငန်းဆိုင်ရာ ဒေသတွင်းနီးနှောဖလှယ်ပွဲ၊ ၂၇-၂၉ အောက်တိုဘာ ၂၀၂၅၊ ဆီးရမ်ရိ၊ ကမ္ဘောဒီးယား၊ စာမျက်နှာ-၉။

၉၀။ MA AoR Myanmar၊ " Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၆-၉။

## သတင်းအချက်အလက် စီမံခန့်ခွဲမှု

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) သည် ထိခိုက်သေဆုံးမှု အရေအတွက်နှင့် မိုင်း အန္တရာယ်ရှိမှု အဆင့်များနှင့် ပတ်သက်၍ မိုင်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် အချို့ကို ပံ့ပိုးပေးသော်လည်း၊ မြန်မာနိုင်ငံတွင် လက်ရှိ အမျိုးသားအဆင့် မိုင်းလုပ်ငန်း ဒေတာဘေ့စ် (database) မရှိသေးပါ။[၉၁] သို့သော် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်အတွက် Mine Action AoR ၏ ရည်မှန်းချက်များထဲတွင် အချက်အလက် ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မျှဝေခြင်း လုပ်ငန်းစဉ်များကို တွင်ကျယ်စေနိုင်မည့် သတင်းအချက်အလက် စီမံခန့်ခွဲမှု (IM) ဌာနတစ်ခု တည်ထောင်ရေးနှင့် မိုင်းလုပ်ငန်း ဒေတာများအတွက် ဗဟိုပြု ဒေတာဘေ့စ်တစ်ခု ဖော်ဆောင်ရေးတို့ ပါဝင်သည်။[၉၂]

## မိုင်းထိခိုက်သူများအား အကူအညီပေးခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်က အာဏာသိမ်းပြီးကတည်းက ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ခွင့်နှင့် ဆက်စပ် လူ့အခွင့်အရေးများ ဆက်လက်ကျဆင်းလျက်ရှိသည်။[၉၃] မြန်မာနိုင်ငံတွင် လူသားလုံခြုံရေး အခြေ အနေသည် ပဋိပက္ခများ မြင့်တက်လာခြင်း၊ ရာသီဥတုဆိုင်ရာ ရိုက်ခတ်မှုများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများနှင့် မြေမြှုပ်မိုင်းနှင့် အခြားသော ပေါက်ကွဲစေတတ်သော ခဲယမ်းများ ကျယ်ပြန့်စွာ အန္တရာယ်ရှိ နေခြင်းတို့ကြောင့် ၂၀၂၅ ခုနှစ်တွင် ဆက်လက်ဆိုးရွားနေသည်။[၉၄]

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ အပေါ် ဝန်ထုပ် ဝန်ပိုး ပိုမိုဖြစ်စေခဲ့ပြီး၊ အချို့သော ကျန်းမာရေး အဆောက်အအုံများသည် ပျက်စီးခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းများ ရှိခဲ့သည်။[၉၅] မိုင်း/ERW ထိခိုက်သေဆုံးမှု မြင့်တက်လာသည်နှင့်အမျှ အသက်ရှင်ကျန်ရစ်သူများ၏ ဆေးဝါးကုသမှု၊ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ၊ လူမှုစီးပွား ထောက်ပံ့မှုနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းမှာ အထူးသဖြင့် ကျေးလက်ဒေသများတွင် မလုံလောက်ဘဲ ဖြစ်နေသည်။ နိုင်ငံရေးအခြေအနေနှင့် ပဋိပက္ခများသည် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် မူဝါဒများနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို ရပ်တန့်စေခဲ့သည်။ အများစုမှာ အရပ်သားများ ထိခိုက်မှုဖြစ်သော်လည်း၊ မြေမြှုပ်မိုင်းကြောင့် အသက်ရှင်ကျန်ရစ်သူများကို လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ဝင်များအဖြစ် စစ်တပ်က တံဆိပ်ကပ်လေ့ရှိသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းက ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများ ရယူခြင်းကို ပိုမိုအဟန့်အတားဖြစ်စေပြီး၊ အကူအညီရ ယူလိုသူများအကြား ထပ်လောင်းကြောက်ရွံ့မှုများ ဖြစ်စေသည်။[၉၆]

## ဆေးဝါးကုသမှုနှင့် ပြန်လည်ထူထောင်ရေး

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးပညာ လေ့ကျင့်သင်ကြားထားသော ဆရာဝန် နည်းပါးသည်။ ကျေးလက်ဒေသများတွင် အရေးပေါ် ကျန်းမာရေးလုပ်သားများနှင့် လူနာတင်ယာဉ် ဝန်ဆောင်မှုများ မရှိသလောက်ဖြစ်ပြီး၊ မြို့ကြီးများရှိ ကျန်းမာရေးစင်တာများ တွင်လည်း လုံလောက်သော အရေးပေါ်တုံ့ပြန်မှု စွမ်းဆောင်ရည် မရှိပါ။ စစ်ကောင်စီလက်ထက် ဥပဒေအသစ်များနှင့် ဥပဒေမဲ့ ကန့်သတ်ချက်များသည် စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး၊ မြန်မာနိုင်ငံရှိ မိုင်း/ERW

---

၉၁။ MIMU၊ "About the MIMU"၊ ရက်စွဲမသိရ။

၉၂။ MA AoR Myanmar၊ "Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ-၇။

၉၃။ ဖေဘီယိုဆာအီနီ၊ "Myanmar's Military Regime Has Weaponized Public Health"၊ ရောဝတီ၊ ၆ နိုဝင်ဘာ ၂၀၂၁။ Global Health Partnerships၊ "Three years on from the military coup in Myanmar health workers are still being targeted"၊ ၁ ဖေဖော်ဝါရီ ၂၀၂၄။ ရိုဟီနီ ဂျေ ဟာ၊ ကတ်တရီးနား ခရောဖို့ဒ်၊ လာရီဆာ ဖက်စ်၊ သန်းထွဋ်ဝင်း၊ လီယိုနတ် ရှုဘင်စတိန်း၊ ကားလ် ဘလန်ချက်၊ လူးဝစ် လီလီဂိုက်၊ နီကိုးလပ်စ် တင့်ဖော်နှင့် မျိုးမျိုးမွန်၊ "'I will take part in the revolution with our people': a qualitative study of healthcare workers' experiences of violence and resistance after the 2021 Myanmar coup d'etat"၊ Conflict and Health၊ ၂၀ ဩဂုတ် ၂၀၂၄။

၉၄။ UNICEF၊ Humanitarian Situation Report No.10 (January-December 2024)၊ ၂၁ ဖေဖော်ဝါရီ ၂၀၂၅။

၉၅။ Insecurity Insight and Safeguarding Health in Conflict (SHCC)၊ "Myanmar: Violence Against Health Care in Conflict 2022"၊ ၁၂ ဇူလိုင် ၂၀၂၃။ Insecurity Insight၊ "Attacks on Health Care in Myanmar: 23 July-05 August 2025"၊ ၁၅ ဩဂုတ် ၂၀၂၅။

၉၆။ ကျူရယ် ဆောန် ခိုင်၊ မင်းဟက်ဇ် ဖာရစ် အာမတ်နှင့် မိုဟာမက် အဆာဒုဇာမန်း၊ "Examining the Vulnerability of Persons with Disabilities in Myanmar Pre and Post-COVID-19 and Military Coup"၊ Disability & Society၊ ၂ ဇွန် ၂၀၂၄။ ဗစ်ဟူး မစ်ရှရာ၊ "Children and amputees bear brunt of Myanmar's deadly landmine epidemic"၊ UN News၊ ၂၂ နိုဝင်ဘာ ၂၀၂၄ နှင့် Insight Myanmar၊ "Episode #374: It Takes All Of Us"၊ ၃ ဩဂုတ် ၂၀၂၅။

ထိခိုက်သူများအတွက် ထောက်ပံ့မှုများကို ထိခိုက်စေသည်။[၉၇]

ကျန်းမာရေးလုပ်သားအင်အားစုအတွင်း သိသိသာသာ ဆုံးရှုံးမှုများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပြည်ပသို့ ဆက်လက်ထွက်ခွာနေခြင်း၊ မရှိမဖြစ်ဆေးဝါးများနှင့် ကာကွယ်ဆေးများ ပြတ်လပ်ခြင်းနှင့် ဈေးနှုန်းကြီးမြင့်ခြင်း၊ ပဋိပက္ခ ဒဏ်သင့်ဒေသများသို့ သွားလာခွင့် ကန့်သတ်ချက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအပေါ် ထပ်ခါ တလဲလဲ တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင်ခွင့် အလွန်အမင်း ကျပ်တည်းနေသည်။[၉၈] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်အာဏာသိမ်းချိန်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လအစောပိုင်းအထိ မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများကို အကြမ်းဖက်ခြင်း သို့မဟုတ် အဟန့်အတားပြုခြင်း ဖြစ်ရပ်များကို Insecurity Insight က မှတ်တမ်းတင်ခဲ့သည်။ ဖြစ်ရပ် ၄၀၇ ခုတွင် ကျန်းမာရေးအဆောက်အအုံများ ပျက်စီးခြင်း သို့မဟုတ် ဖျက်ဆီးခံခဲ့ရပြီး၊ ကျန်းမာရေးလုပ်သား ၁၅၅ ဦး သတ်ဖြတ်ခံရကာ ၈၈၆ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဤဖြစ်ရပ်များ၏ သုံးပုံ လေးပုံနီးပါးကို နိုင်ငံတော် လက်နက်ကိုင်တပ်ဖွဲ့များ (စစ်ကောင်စီတပ်များ) က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။[၉၉]

တရားဝင်အကူအညီများ မပေးပို့နိုင်သော နေရာများအပါအဝင် ပဋိပက္ခဒဏ်သင့်ဒေသများတွင် ဒေသခံကျန်းမာရေး လုပ်သားများနှင့် ရပ်ရွာအဖွဲ့အစည်းများသည် လိုအပ်သလို အရေးပေါ်ထောက်ပံ့မှုများကို ဆက်လက်ပေးအပ်ခဲ့ကြသည်။ အသက်ရှင်ကျန်ရစ်သူများသည် လှုပ်ရှားသွားလာမှု လျော့နည်းလာခြင်း၊ ခြေတုလက်တုနှင့် ကာယကုထုံးများ ရရှိရန် အကန့်အသတ်ရှိခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးခြင်းတို့နှင့် မကြာခဏ ရင်ဆိုင်ရလေ့ရှိကြောင်း အစီရင်ခံစာများက မှတ်ချက်ပြုသည်။[၁၀၀] အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပါဝင်မှုကြောင့် ပြည်သူ့ကျန်းမာရေးစနစ်တွင် ဝန်ထမ်းအင်အား မလုံလောက်ဘဲ ပုဂ္ဂလိကဆေးရုံများတွင် ဝန်နှင့်အား မမျှဖြစ်နေသည်။[၁၀၁] အချို့သော ပဋိပက္ခဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစနစ်များ ပြတ်တောက်သွားပြီး၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများသည် အထူးသဖြင့် CDM တွင် ပါဝင်ပတ်သက်နေလျှင် သို့မဟုတ် အတိုက်အခံတပ်ဖွဲ့များကို ကူညီသည်ဟု သံသယရှိခံရလျှင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် အခြားသော လက်တုံ့ပြန်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။[၁၀၂]

SAC သည် မိုင်း/ERW ထိခိုက်သူများ၏ ဆေးဝါးကုသမှုနှင့် ခြေတုလက်တု ရယူခွင့်ကို ပိတ်ပင်ထားကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီက ထောက်ခံအတည်ပြုထားသော သတင်းထုတ်ပြန်ချက်တစ်ခုတွင် ကုလသမဂ္ဂ (UN) ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ "ဒါဟာ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း အပိုဒ် ၁၁ နှင့် စစ်ပွဲအတွင်း မသန်စွမ်းသူများကို ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၄၇၅ တို့နှင့် လုံးဝဆန့်ကျင်နေသည်" ဟု ကျွမ်းကျင်သူများက မှတ်ချက်ပြုသည်။[၁၀၃]

ကုလသမဂ္ဂ၏ အဆိုအရ၊ ခြေတုလက်တု ပစ္စည်းထောက်ပံ့မှုကို SAC က ပိတ်ပင်ထားရုံသာမက၊ မိုင်း/ERW ထိခိုက်သူများသည် နှောင့်ယှက်ခြင်းနှင့် ဖမ်းဆီးခြင်းကို ခံရနိုင်သောကြောင့် ထွက်ပြေးပုန်းရှောင်နေကြရသည်။ ခြေလက်အင်္ဂါ ဆုံးရှုံးခြင်းကဲ့သို့သော မိုင်း/ERW ထိခိုက်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို တော်လှန်ရေး လှုပ်ရှားမှုနှင့် သက်ဆိုင်သည်ဟု SAC က ဆက်စပ်ယူဆ

---

၉၇။ "'No remedy': A broken public health system fosters neglect and corruption"၊ Frontier Myanmar၊ ၈ ဩဂုတ် ၂၀၂၃ နှင့် "Junta tightens its grip on charities helping the dead and dying"၊ Frontier Myanmar၊ ၇ ဇန်နဝါရီ ၂၀၂၃။

၉၈။ World Health Organization (WHO)၊ "Myanmar: Public Health Situation Analysis: Myanmar Conflict and humanitarian crisis"၊ ၁၉ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၁၁။

၉၉။ Insecurity Insight၊ "Attacks on Health Care in Myanmar: 23 July-05 August 2025"၊ ၁၅ ဩဂုတ် ၂၀၂၅။

၁၀၀။ "Myanmar jungle medics face landmine crisis in liberated zones"၊ ABC News၊ ၁ ဖေဖော်ဝါရီ ၂၀၂၅ နှင့် Human Rights Watch၊ "Myanmar: Surging landmine use claims lives, livelihoods"၊ ၂၀ နိုဝင်ဘာ ၂၀၂၄။

၁၀၁။ ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်ဘက်ဝန်ထမ်းများမှ အဓိကစတင်ခဲ့သော အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် စစ်တပ်မှ အာဏာသိမ်းယူပြီးနောက် ချက်ချင်း စတင်ခဲ့ပြီး နိုင်ငံတစ်လွှားရှိ အခြားကဏ္ဍများကိုပါ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ လှုပ်ရှားမှုတွင် ရှုထောင့်များစွာ ရှိခဲ့သော်လည်း အဓိကကျသည့်အချက်မှာ စစ်အုပ်စုအတွက် အလုပ်လုပ်ပေးရန်နှင့် ပူးပေါင်းလုပ်ဆောင်ရန် ငြင်းဆိုခြင်းပင် ဖြစ်သည်။

၁၀၂။ Australian Department of Foreign Affairs and Trade (DFAT)၊ "DFAT Country Information Report Myanmar 7 April 2025"၊ စာမျက်နှာ-၈ နှင့် "Anti-coup medical workers under attack while tackling Myanmar's health care gap"၊ Radio Free Asia၊ ၂၄ မတ် ၂၀၂၅။

၁၀၃။ ကိုးကားချက်ပါ ကျွမ်းကျင်သူများမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် Tom Andrews နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Heba Hagrass တို့ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သတင်းထုတ်ပြန်ချက်၊ "Myanmar amputees under siege by junta landmines, harassment and blockades of prosthetics, say UN experts"၊ ၂၂ နိုဝင်ဘာ ၂၀၂၄။

ကြောင်း သတင်းရရှိသည်။[၁၀၄] ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများနှင့် အထောက်အကူပြု ပစ္စည်းကိရိယာများ လိုအပ်ချက်သည် လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရသူများအကြား အထူးမြင့်မားနေပြီး၊ ၎င်းတို့သည် စစ်ကောင်စီ၏ တိုက်ခိုက်မှုများကို ပုံစံမျိုးစုံ၊ အဆင့်ဆင့် ခံစားနေရသူများ ဖြစ်သည်။[၁၀၅] ၂၀၂၅ ခုနှစ်အထိ၊ မန္တလေး၊ မော်လမြိုင်နှင့် လှိုင်ကော်ရှိ ခြေတု လက်တု စင်တာများ လည်ပတ်နိုင်ခြင်း မရှိပါ။[၁၀၆]

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အာဆီယံ ဒေသတွင်း မိုင်းလုပ်ငန်းစင်တာ (ARMAC) သည် မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထိခိုက်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များကို အာရုံစိုက်သော အမျိုးသားအဆင့် ညှိနှိုင်း ဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပခဲ့သည်။[၁၀၇]

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများက ဖွင့်လှစ်ထားသော ဆေးရုံများနှင့် ကျန်းမာရေး အဆောက်အအုံများကို ပံ့ပိုးကူညီခဲ့သည်။[၁၀၈] ၂၀၂၄ ခုနှစ်တွင် ICRC သည် အရေးပေါ်တုံ့ပြန်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး မူလ လျာထားသည်ထက် ပိုများသော ဆေးရုံများသို့ လိုအပ်သလို (ad hoc) ပံ့ပိုးမှုများ ပေးအပ်ခဲ့သော်လည်း၊ ပုံမှန်ပံ့ပိုးမှု ပေးနိုင်သည်မှာ မျှော်မှန်းထားသည်ထက် နည်းပါးခဲ့သည်။ ၎င်းသည် ဆေးရုံ ၂၀ ကို ထောက်ပံ့ခဲ့ပြီး၊ ယင်းတို့အနက် ၆ ခုကို ပုံမှန် ထောက်ပံ့ခဲ့သည်။[၁၀၉]

ICRC ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး အစီအစဉ် (PRP) သည် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး စင်တာ ၆ ခုကို ဆက်လက်ပံ့ပိုးခဲ့သည်။ အရည်အချင်းပြည့်မီသော ပြန်လည်ထူထောင်ရေး ဝန်ထမ်းများ ဆက်လက်ပြတ်လပ်နေသဖြင့်၊ ICRC သည် ဝန်ဆောင်မှုများကို တိုက်ရိုက်ပေးအပ်ခြင်းဖြင့် အစားထိုးအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ တစ်ဖက်တွင်လည်း ခြေတုလက်တုနှင့် ကာယကုထုံးဆိုင်ရာ လေ့ကျင့်သင်ကြားရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံ ခဲ့သည်။[၁၁၀] မြန်မာနိုင်ငံ အနာကြီးရောဂါ မစ်ရှင် (TLMM) သည် မြေမြှုပ်မိုင်းနှင့် အခြားဒဏ်ရာများကြောင့် ဖြစ်ပွားသော မသန်စွမ်းသူများ အပါအဝင် မသန်စွမ်းသူများအတွက် ခြေတုလက်တုနှင့် စောင့်ရှောက်မှုများကို ပေးအပ်ခဲ့သည်။[၁၁၁]

Humanity & Inclusion (HI) သည် ကာယကုထုံး၊ အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် စိတ်ကျန်း မာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေး အထောက်အပံ့များ အပါအဝင် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည်။[၁၁၂]

ဒုက္ခသည်အများအပြားသည် ရေရှည်မသန်စွမ်းမှု ဖြစ်စေသော ဒဏ်ရာများ ရရှိထားကြပြီး၊ ဒုက္ခသည်များအကြား မသန်စွမ်းမှုနှုန်းသည် သာမန်လူဦးရေထက် မြင့်မားနိုင်ကြောင်း ညွှန်ပြနေသည်။ ဒုက္ခသည် အသိုင်းအဝိုင်းများအတွင်း မသန်စွမ်းသူများနှင့် ပတ်သက်သော အချက်အလက်များ အကန့်အသတ်ရှိ နေဆဲဖြစ်ပြီး၊ ထိရောက်သော လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းများ ရေးဆွဲရာတွင် အဟန့်အတားဖြစ်စေသော ကွာဟချက်များ ဖြစ်ပေါ်စေသည်။[၁၁၃]

---

၁၀၄။ ဗစ်ဟူး မစ်ရှရာ၊ "Children and amputees bear brunt of Myanmar's deadly landmine epidemic"၊ UN News၊ ၂၂ နိုဝင်ဘာ ၂၀၂၄။

၁၀၅။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ The Hidden Crisis: Disability Rights in Post-Coup Myanmar (Conference Room Paper, A/HRC/61/CRP.1)၊ ၁၃ နိုဝင်ဘာ ၂၀၂၅။

၁၀၆။ MIMU and Landmine and Cluster Munition Monitor၊ "Facilities Supporting Treatment of Civilian Mine Victims 2008-2024"၊ ၁၅ ဖေဖော်ဝါရီ ၂၀၂၅။

၁၀၇။ ASEAN Regional Mine Action Center (ARMAC)၊ "National Consultation Workshop on Physical Rehabilitation and Mental Health Needs Support for Explosive Ordnance (EO) Victims in Myanmar"၊ ၂၂ အောက်တိုဘာ ၂၀၂၄။

၁၀၈။ International Committee of the Red Cross (ICRC)၊ "Annual Report 2023, Volume 2"၊ ဇွန် ၂၀၂၄၊ စာမျက်နှာ ၂၈၄-၂၈၅။

၁၀၉။ ICRC၊ "Annual Report 2024"၊ ဇွန် ၂၀၂၅၊ စာမျက်နှာ ၂၄၂။

၁၁၀။ ICRC၊ "Physical Rehabilitation Programme: 2024 Annual Report"၊ ဇူလိုင် ၂၀၂၅၊ စာမျက်နှာ ၃၂။

၁၁၁။ The Leprosy Mission၊ "Mobile prosthetics unit in Myanmar"၊ ရက်စွဲမသိရ။

၁၁၂။ HI၊ "Countries we work in: Myanmar"၊ ရက်စွဲမသိရ၊ နှင့် HI၊ "Country card: Myanmar 2023"၊ နောက်ဆုံးရက်စွဲ စက်တင်ဘာ ၂၀၂၃။

၁၁၃။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ The Hidden Crisis: Disability Rights in Post-Coup Myanmar (Conference Room Paper, A/HRC/61/CRP.1)၊ ၁၃ နိုဝင်ဘာ ၂၀၂၅၊ စာမျက်နှာ ၃၆။

## လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေး အားလုံးပါဝင်နိုင်မှု

ICRC သည် ၂၀၂၄ ခုနှစ်တွင် အားကစား လှုပ်ရှားမှုများကို စီစဉ်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း လှုပ်ရှားမှုများနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကိုလည်း ကူညီဆောင်ရွက်ပေးခဲ့သည်။[၁၁၄]

၂၀၂၀ ခုနှစ်မှစ၍ စိတ်ကျန်းမာရေးဆိုင်ရာ အမျိုးသားအဆင့် ကိန်းဂဏန်းများ ထုတ်ပြန်ခြင်း မရှိပါ။[၁၁၅] ဆက်လက်ဖြစ်ပွားနေသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများနှင့် ဆက်နွှယ်၍ စိတ်ကျန်းမာရေး လိုအပ်ချက်များ မြင့်တက်လာနေချိန်တွင် စိတ်ကျန်းမာရေး အထူးကု ဆရာဝန်များ သိသိသာသာ ပြတ်လပ်နေကြောင်း Health Cluster Myanmar က အစီရင်ခံသည်။[၁၁၆]

## မသန်စွမ်းမှု အားလုံးပါဝင်ရေးဆိုင်ရာ ဥပဒေဘောင်များ သို့မဟုတ် မူဝါဒများ

မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅) အရ၊ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများသည် တရားဝင် တန်းတူညီမျှ အခွင့်အရေးများနှင့် အခွင့်အလမ်းများ ရယူပိုင်ခွင့်ရှိသည်။[၁၁၇] သို့သော် မြန်မာစစ်တပ်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့များက ဆယ်စုနှစ်များစွာကြာ မြေမြှုပ်မိုင်းအသုံးပြုခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းတွင် မသန်စွမ်းမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်စေခဲ့ပြီး၊ ကျေးလက်နှင့် ပဋိပက္ခဒဏ်သင့်ဇုန်များရှိ မသန်စွမ်းသူများသည် ဝန်ဆောင်မှုများရယူရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အတိုက်အခံများ ထိန်းချုပ်ထားသော ဒေသများတွင် နေထိုင်သူ အများ အပြားအတွက် မြို့ကြီးများသို့ သွားလာရန် မဖြစ်နိုင်တော့သဖြင့်၊ အာဏာသိမ်းပြီးကတည်းက ဤအတားအဆီးများ ပိုမိုများပြားလာသည်။[၁၁၈]

UNICEF ဦးဆောင်သော မြန်မာနိုင်ငံရှိ MA AoR သည် အန္တရာယ် အသိပညာပေးခြင်းနှင့် မိုင်းထိခိုက်သူများအား အကူအညီပေးခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို ပံ့ပိုးပေးသည်။[၁၁၉] အန္တရာယ် အသိပညာပေး ကြိုးပမ်းမှုများသည် IDP စခန်းများ၊ မိုင်းအန္တရာယ် ကျယ်ပြန့်စွာရှိကြောင်း သတင်းရရှိသော ကျေးရွာများနှင့် တိုက်ပွဲဖြစ်ပွားရာ ဇုန်များကို ဦးစားပေးဆောင်ရွက်ခဲ့သည်။[၁၂၀]

## ဇယားများအတွက် ကိုးကားချက်များ - ထိခိုက်သေဆုံးမှု
## မြန်မာနိုင်ငံအတွက် Monitor ထိခိုက်သေဆုံးမှု အချက်အလက်များ။

## မိုင်းအန္တရာယ်ရှိမှု

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU)၊ "သံသယဖြစ်ဖွယ် မြေမြှုပ်မိုင်း/ERW အန္တရာယ်ရှိမှု (၁၉၉၉-၂၀၂၅) နှင့် ထိခိုက်သေဆုံးမှု (၂၀၂၀-၂၀၂၄) ဆိုင်ရာ သိကောင်းစရာများ၊" ရက်စွဲမပါ။

မိုင်းလုပ်ငန်းဆိုင်ရာ တာဝန်ယူမှုနယ်ပယ် (MA AoR) မြန်မာ၊ "မဟာဗျူဟာ ၂၀၂၅-၂၀၂၆၊" ၁၃ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၄။ Landmine and Cluster Munition Monitor၊ "Landmine Monitor မြန်မာ/ဗမာ နိုင်ငံဆိုင်ရာ အစီရင်ခံစာ ဒီဇင်ဘာ ၂၀၂၄၊" ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၁၅။ နှင့် Cluster Munition Coalition၊ Cluster Munition Monitor 2025 (Geneva: ICBL-CMC၊ စက်တင်ဘာ ၂၀၂၅)၊ စာမျက်နှာ ၁၉-၂၀။

---

၁၁၄။ ICRC၊ "Annual Report 2024"၊ ဇွန် ၂၀၂၅၊ စာမျက်နှာ ၂၄၃။

၁၁၅။ WHO၊ "Myanmar: Public Health Situation Analysis: Myanmar Conflict and humanitarian crisis"၊ ၁၉ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၉။

၁၁၆။ Health Cluster Myanmar၊ "Myanmar Health Cluster Bulletin, January 2025"၊ ၃၁ ဇန်နဝါရီ ၂၀၂၅။

၁၁၇။ "People with disabilities call for more legal protections, employment opportunities"၊ Development Media Group (DMG)၊ ၃ ဒီဇင်ဘာ ၂၀၂၂။

၁၁၈။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ The Hidden Crisis: Disability Rights in Post-Coup Myanmar (Conference Room Paper, A/HRC/61/CRP.1)၊ ၁၃ နိုဝင်ဘာ ၂၀၂၅။

၁၁၉။ UNICEF၊ "Myanmar Country Office: Humanitarian Situation Report No.4"၊ ၃၁ မေ ၂၀၂၂၊ စာမျက်နှာ ၄၊ နှင့် MA AoR Myanmar၊ "Strategy 2025-2026"၊ ၁၃ ဒီဇင်ဘာ ၂၀၂၄။

၁၂၀။ UNOCHA၊ "Humanitarian Response Plan, Myanmar: End-Year Report 2022"၊ ၁၁ ဧပြီ ၂၀၂၃။

၁၂၁။ United Nations Office for the Coordination of Humanitarian Affairs (UNOCHA)၊ "Where we work: Myanmar: Myanmar Humanitarian Fund"၊ ရက်စွဲမသိရ။

၁၂၂။ Geneva International Centre for Humanitarian Demining (GICHD)၊ "EORE Sector Mapping and Needs Analysis"၊ အောက်တိုဘာ ၂၀၂၄၊ စာမျက်နှာ ၂၃။

## မိုင်းလုပ်ငန်းအတွက် ထောက်ပံ့ကူညီမှု

၂၀၂၄ ခုနှစ်တွင် အလှူရှင် ၈ ဦးသည် မြန်မာနိုင်ငံအတွက် မိုင်းလုပ်ငန်း လှုပ်ရှားမှုများအတွက် အမေရိကန် ဒေါ်လာ ၅.၇ သန်း ထည့်ဝင်ခဲ့သည်။

၎င်းသည် ၂၀၂၃ ခုနှစ်တွင် ပံ့ပိုးခဲ့သော စုစုပေါင်းထည့်ဝင်ငွေ ၃.၃ သန်းမှ ၇၂% တိုးလာခြင်း ဖြစ်သည်။

နိုင်ငံတကာမှ ထည့်ဝင်ငွေများသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့က အကောင်အထည်ဖော်သော စစ်တမ်း ကောက်ယူခြင်း၊ အန္တရာယ် အသိပညာပေးခြင်းနှင့် မိုင်းထိခိုက်သူများအား အကူအညီပေးခြင်း လုပ်ငန်းများသို့ ရောက်ရှိခဲ့သည်။ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) စီမံခန့်ခွဲသော Myanmar Humanitarian Fund မှတစ်ဆင့်လည်း ရန်ပုံငွေများ ပံ့ပိုးပေးခဲ့ သည်။[၁၂၁]

၂၀၂၄ ခုနှစ်တွင် ကျယ်ပြန့်သော မိုင်းအန္တရာယ်ရှိမှုနှင့် ဆက်စပ် ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များကို အသိအမှတ်ပြုသောအားဖြင့်၊ Myanmar Humanitarian Fund ကို ရယူသုံးစွဲရန်အတွက် အန္တရာယ် အသိပညာပေးခြင်းကို မဖြစ်မနေ လိုအပ်ချက်တစ်ခု ဖြစ်လာစေခဲ့သည်။[၁၂၂]

နိုင်ငံတကာ ထည့်ဝင်ငွေများ: ၂၀၂၄[၁၂၃]

| အလှူရှင် | ကဏ္ဍ | ပမာဏ (နိုင်ငံလိုက်ငွေကြေး) | ပမာဏ (အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| နယူးဇီလန် | စစ်တမ်းကောက်ခြင်း၊ အန္တရာယ်အသိပညာပေးခြင်း၊ မိုင်းထိခိုက်သူများအား အကူအညီ ပေးခြင်း | NZ$3,300,000 | 1,996,500 |
| တောင်ကိုရီးယား | အန္တရာယ်အသိပညာပေးခြင်း | N/R | 900,000 |
| ဂျပန် | အန္တရာယ်အသိပညာပေးခြင်း၊ မိုင်းထိခိုက်သူများအား အကူအညီ ပေးခြင်း | ¥92,129,075 | 608,293 |
| ယူနိုက်တက်ကင်းဒမ်း | အန္တရာယ်အသိပညာပေးခြင်း | £529,423 | 676,656 |
| လူဇင်ဘတ် | အန္တရာယ်အသိပညာပေးခြင်း၊ မိုင်းထိခိုက်သူများအား အကူအညီပေးခြင်း | €544,600 | 589,257 |
| ဆွစ်ဇလန် | အကျိုးဆောင်ပေးခြင်း၊ အန္တရာယ်အသိပညာပေးခြင်း၊ မိုင်းထိခိုက်သူများအား အကူအညီ ပေးခြင်း | CHF400,847 | 455,094 |

၁၂၃။ Monitor ၏ စစ်တမ်းမေးခွန်းလွှာအပေါ် တုံ့ပြန်ချက်များ၊ တင်မ် ရက်ဒင်း၊ မစ်ရှင်အကြီးအကဲ၊ လုံခြုံရေးမူဝါဒစာရေး၊ လူဇင်ဘတ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ၂၃ ဖွန် ၂၀၂၅။ အကီဖုမီ ဖုကူအိုကာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ သမားရိုးကျ လက်နက်ပစ္စည်းများဌာနခွဲ၊ ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ၃၀ ဖွန် ၂၀၂၅။ New Zealand Convention on Cluster Munitions Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ New Zealand Mine Ban Treaty Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ Norway Convention on Cluster Munitions Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ Sweden Mine Ban Treaty Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ Switzerland Convention on Cluster Munitions Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ UK Mine Ban Treaty Article 7 Report (၂၀၂၄ ပြက္ခဒိန်နှစ်အတွက်)၊ ပထမပုံစံ။ Mine Ban Treaty Article 7 Database and Convention on Cluster Munitions Article 7 Database တွင်ကြည့်ရန်။ ၂၀၂၄ ခုနှစ်အတွက် ပျမ်းမျှငွေလဲလှယ်နှုန်း -CHF0.8808=US$1; €1=US$1.082; NOK10.7574=US$1; NZ$1=US$0.605; £1=US$1.2781; SEK10.5744=US$1; and ¥151.4551=US$1။ United States (US) Federal Reserve၊ "List of Exchange Rates (Annual)"၊ ၆ ဇန်နဝါရီ ၂၀၂၅။ ငွေကြေးလဲလှယ်မှုများကို အနီးစပ်ဆုံး အမေရိကန်ဒေါ်လာသို့ ပြောင်းလဲထားခြင်း ဖြစ်သည်။ အနီးစပ်ဆုံးပမာဏသို့ မပြောင်းလဲခင်တွင် ငွေစုစုပေါင်းကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ခဲ့သည်။

| | | | |
|---|---|---|---|
| နော်ဝေ | စစ်တမ်းကောက်ခြင်း၊ အန္တရာယ်အသိပညာပေးခြင်း၊ | NOK4,000,000 | 371,837 |
| ဆွီဒင် | အန္တရာယ်အသိပညာပေးခြင်း၊ | SEK758,800 | 71,758 |
| စုစုပေါင်း | - | အချက်အလက်မရ | 5,669,395 |

မှတ်ချက်- N/R = သတင်းမပို့ထား။

## မိုင်းလုပ်ငန်းအတွက် ငါးနှစ်တာ ထောက်ပံ့ကူညီမှု

၂၀၂၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွက် နိုင်ငံတကာ မိုင်းလုပ်ငန်း အကူအညီ စုစုပေါင်း ၂၄.၃ သန်းရှိပြီး၊ တစ်နှစ်လျှင် ပျမ်းမျှ ၅ သန်းနီးပါး ရှိသည်။

နိုင်ငံတကာ ထည့်ဝင်ငွေများ အနှစ်ချုပ်: ၂၀၂၀-၂၀၂၄[၁၂၄]

| ခုနှစ် | နိုင်ငံတကာကူညီမှုများ (အမေရိကန်ဒေါ်လာ) | ပြီးခဲ့သည့်နှစ်မှ ရာခိုင်နှုန်းအပြောင်းအလဲ (အမေရိကန်ဒေါ်လာ) |
|---|---|---|
| 2024 | 5,669,395 | +72% |
| 2023 | 3,297,670 | -36% |
| 2022 | 5,134,970 | -16% |
| 2021 | 6,100,000 | +48% |
| 2020 | 4,118,868 | -34% |
| **စုစုပေါင်း** | **24,320,903** | **အချက်အလက်မရ** |

မှတ်ချက်- N/A = အချက်အလက်မရ။

## ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ (Cluster Munitions)

**အနှစ်ချုပ်** - မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်(Convention on Cluster Munitions) ကို စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြော ကြားခဲ့သော်လည်း ပါဝင်ရန် ခြေလှမ်းတစုံတရာ လုပ်ဆောင်ခြင်း မရှိသေးပါ။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်း၏ အစည်းအဝေးများစွာတွင် ပါဝင်ခဲ့ပြီး၊ ၂၀၂၂ ခုနှစ်မှစ၍ ကွန်ဗင်းရှင်းကို မြှင့်တင်သည့် အရေးကြီးသော ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) နှစ်ပတ်လည် ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သည်။

ယခင်က မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို မည်သည့်အခါမျှ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မရှိခဲ့ကြောင်း ပြောကြားခဲ့ဖူးသည်။ သို့သော် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များသည် ၂၀၂၂ ခုနှစ်မှစ၍ ပြည်တွင်းဖြစ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တမျိုးကို အသုံးပြုနေကြောင်း ညွှန်ပြနေသည့် အထောက်အထားများ ထွက်ပေါ်လာသည်။ မြန်မာနိုင်ငံက အဆိုပါလက်နက်သည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာ(cluster munition) ဖြစ်ကြောင်း ငြင်းဆိုသည်။

---

၁၂၄။ ယခင်က တိုင်းပြည်၏ Support for Mine Action လေ့လာချက်များတွင် ကြည့်ရန်။ International Campaign to Ban Landmines - Cluster Munition Coalition (ICBL-CMC)၊ "Country Profiles: Myanmar"၊ ရက်စွဲမသိရ၊ နှင့် ICBL-CMC, "Country Profiles: Myanmar (archives)"၊ ရက်စွဲမသိရ။

## မူဝါဒ

မြန်မာနိုင်ငံ (The Republic of the Union of Myanmar) သည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။[၁၂၅]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီး တပ်မတော်က နိုင်ငံကို ထိန်းချုပ်ပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သော ယာယီအစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ အာဏာသိမ်းမှုမတိုင်မီ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ရွေးကောက်ခံရသော လွှတ်တော်အမတ်များသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်းသည် ကုလသမဂ္ဂ (UN) တွင် မြန်မာနိုင်ငံ၏နေရာကို ရယူထားသည်။[၁၂၆]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်ကို စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့သော်လည်း ပါဝင်ရန် ခြေလှမ်းတစုံတရာ လုပ်ဆောင်ခြင်း မရှိသေးပါ။ ယခင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင်၊ နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAGs) နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက် မရရှိမချင်း ကွန်ဗင်းရှင်းသို့ မဝင်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံက ထပ်လောင်း ပြောကြား ခဲ့သည်။[၁၂၇]

"ထိခိုက်လွယ်မှုနှင့် ပြင်းထန်သော လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သော" ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ၏ "ခွဲခြားမှုမရှိသော အသုံးပြုမှု" အပေါ် စိုးရိမ်ကြောင်း မြန်မာနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်ကို"သမားရိုးကျလက်နက်များ၏ လူသားချင်းစာနာမှုဆိုင်ရာ အကျိုးဆက်များကို ကာကွယ်ရန်" အတွက် မရှိမဖြစ်လိုအပ်သည်ဟု မှတ်ယူသည်။[၁၂၈]

ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်ကို ဖန်တီးခဲ့သည့် Oslo Process ၏ ဒေသတွင်း အစည်းအဝေးကို ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ပါဝင်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ ကျင်းပသော ကွန်ဗင်းရှင်းဆိုင်ရာ အခြားသော ဒေသတွင်း ညီလာခံတစ်ခုကိုလည်း မြန်မာနိုင်ငံ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းဆိုင်ရာ အစည်းအဝေးများစွာတွင် လေ့လာသူအဖြစ် ပါဝင်ခဲ့ပြီး၊ နောက်ဆုံးအနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဂျီနီဗာ၌ ကျင်းပသော (၁၂) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။[၁၂၉] မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများကိုလည်း တက်ရောက်ခဲ့သည်။[၁၃၀]

၂၀၂၂ ခုနှစ်မှစ၍ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ် ပြင်ပရှိနိုင်ငံများအား "အမြန်ဆုံး အတည်ပြုရန် သို့မဟုတ် ပါဝင်လက်မှတ်ရေးထိုးရန်" တိုက်တွန်းသည့် အရေးကြီးသော ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) နှစ်ပတ်လည် ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။[၁၃၁] ယခင် ၂၀၁၅-၂၀၂၁ ခုနှစ်များတွင် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံက မဲမပေးဘဲနေခဲ့သည်။

"ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးရွားသည့် လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှုများ" ကို အသိအမှတ်ပြုသည့် ဘက်မလိုက်လှုပ်ရှားမှု (NAM) ၏ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ကြေညာချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ပထမကော်မတီတွင် မြန်မာနိုင်ငံက

---

၁၂၅။ စစ်အစိုးရမှ နိုင်ငံအမည်ကို ဗမာမှ မြန်မာသို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခဲ့သည်။ သို့သော် မြန်မာ့နယ်စပ်နေရာများရှိ လူမျိုးစုအဖွဲ့များနှင့် နိုင်ငံအများအပြားကမူ ဗမာဟူသော အမည်ကိုသာ ဆက်လက် ခေါ်ဝေါ်သုံးစွဲကြသည်။

၁၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ယာယီအစိုးရကို မြန်မာ့တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

၁၂၇။ Myanmar Explanation of Vote on Resolution A/C.1/L.46၊ UNGA First Committee on Disarmament and International Security၊ New York၊ ၆ နိုဝင်ဘာ ၂၀၁၉။

၁၂၈။ Statement of Myanmar၊ UNGA First Committee on Disarmament and International Security၊ New York၊ ၂၄ အောက်တိုဘာ ၂၀၂၄။

၁၂၉။ မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော ညီလာခံနှင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတို့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ပြန်လည်သုံးသပ်ခြင်းညီလာခံတွင် လေ့လာသူအဖြစ် ပါဝင်ခဲ့သည်။

၁၃၀။ ဂျီနီဗာမြို့ UN ဆိုင်ရာ ဖိလစ်ပိုင် အမြဲတမ်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်၊ "Philippines hosts webinar to promote Convention on Cluster Munitions among ASEAN Member States"၊ ၂၉ ဇူလိုင် ၂၀၂၀။

၁၃၁။ "Implementation of the Convention on Cluster Munitions"၊ UNGA Resolution 79/58၊ ၂ ဒီဇင်ဘာ ၂၀၂၄။

ထောက်ခံခဲ့သည်။[၁၃၂]

မြန်မာနိုင်ငံသည် မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် သို့မဟုတ် သမားရိုးကျ လက်နက်များဆိုင်ရာ ကွန်ဗင်းရှင်း (CCW) တွင် ပါဝင်ခြင်း မရှိပါ။

## ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို ဆက်လက်ထုတ်လုပ်ခဲ့သည်။[၁၃၃] မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို တင်သွင်းခြင်း သို့မဟုတ် ယခင်ကာလက အခြားနည်းလမ်းဖြင့် ရယူခြင်း ရှိ၊ မရှိမှာ မရှင်းလင်းပါ။

မြန်မာနိုင်ငံသည် ပြည်တွင်းဖြစ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ သိုလှောင်ထားရှိမှုများကို ပိုင်ဆိုင်ထားသည်။[၁၃၄]

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှစ၍ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို ထုတ်လုပ်ခဲ့ကြောင်း ညွှန်ပြသည့် အထောက်အထားများ၂၀၂၃ ခုနှစ်တွင် ထွက်ပေါ်လာခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာ့တပ်မတော်သည် နိုင်ငံအတွင်း တိုက်ခိုက်မှုများစွာတွင် ယင်းတို့ကို အသုံးပြုခဲ့သည်။[၁၃၅]

မြန်မာနိုင်ငံမှ ထုတ်လုပ်သော ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များသည် 120mm မော်တာကျည်များကို ဗုံးသီးငယ်များ (submunitions) အဖြစ် ထည့်သွင်းထားသော အခွံတစ်ခုပါဝင်သည့် လေကြောင်းမှ ပစ်ချသော ခဲယမ်း ဖြစ်သည်။ ဗုံးသီးငယ်တစ်ခုစီတွင် ထိခိုက်သည်နှင့် ပေါက်ကွဲစေသော သက်ရောက်မှု ဖျူးစ် (impact fuze) နှင့် ချိတ်ဆက်ထားသော ပလပ်စတစ်ဖွင့်အံ (plastic arming vane) တစ်ခု ပါရှိသည်။ ထပ်ဆင့်ပေါက်ကွဲသည့်ဗုံးသီးဘူး (cluster bomb canister) တွင် အတွင်းပိုင်းဘောင်၌ ချိတ်ဆက်ထားသော မော်တာကျည် ဗုံးသီးငယ် ၁၂ လုံးအတွက် နေရာပါရှိသည်။ ၎င်းသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာ သဘောတူစာချုပ်အရ သတ်မှတ်ထားသော ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာ(cluster munition) အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီပုံရသည်။

နိုင်ငံပိုင် မြန်မာ့ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ ဟုလည်း လူသိများသည်) သည် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရှိ အမှတ် (၂၁) ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၂၁) တွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို ထုတ်လုပ်ခဲ့ပြီး၊ ဗုံးသီးငယ်များကို မကွေးတိုင်းဒေသကြီး၊ ဆင်တဲမြို့နယ်ရှိ အမှတ် (၃) ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၃) တွင် ထုတ်လုပ်ခဲ့သည်။[၁၃၆]

၂၀၂၄ ခုနှစ် မတ်လတွင် ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့က ဤလက်နက်သည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာဖြစ်ကြောင်း ငြင်းဆိုသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး၊ "ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အသုံးပြုသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍၊ မြန်မာနိုင်ငံက အသုံးပြုသော ခဲယမ်းများသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်က သတ်မှတ်ထားသော ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာလက္ခဏာရပ်များထဲတွင် အကျုံးမဝင်ပါ" ဟုပြောကြားခဲ့သည်။[၁၃၇]

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်က နိုင်ငံအတွင်း အခြေခံကျသော ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တစ်မျိုးကို တွေ့ရှိခဲ့ရသော်လည်း၊ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် မတိုင်မီက ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များထုတ်လုပ်ခြင်း သို့မဟုတ် အသုံးပြုခြင်း ရှိခဲ့သည်ဟု မသိရှိရပါ။

၁၃၂။ Statement of Myanmar၊ UNGA First Committee on Disarmament and International Security၊ New York၊ ၂၄ အောက်တိုဘာ ၂၀၂၄ နှင့် statement of NAM၊ UNGA First Committee on Disarmament and International Security၊ New York၊ ၂၃ အောက်တိုဘာ ၂၀၂၄။

၁၃၃။ ၂၀၂၅ ခုနှစ် မေလတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အား လေကြောင်းတိုက်ခိုက်မှု၌ အသုံးပြုခဲ့သော အတွဲလိုက်ဗုံး၏ အကြွင်းအကျန်များတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၂၀ရက် ရက်စွဲဖြင့် ထုတ်လုပ်မှုအမှတ်အသားများ ထွင်းထားလျက်ရှိသည်။ Myanmar Defense and Security Institute (MDSI) Facebook post၊ ၂ မေ ၂၀၂၅။

၁၃၄။ မြန်မာနိုင်ငံသည် 122 mm Type-81၊ Type-90B နှင့် M1985 240mm မြေပြင်မှ မြေပြင်ပစ် အမြောက်ဒုံးကျည်ပစ်စင်များကို ပိုင်ဆိုင်ထားပြီး ၎င်းတို့တွင် ဒုံးကျည်ပစ်လွှတ်နိုင်သော ဗားရှင်းများပါဝင်ခြင်းရှိမရှိကိုမူ မသိရပေ။ Myanmar Defense Weapons၊ "Some modern military weapons of Myanmar Army"၊ ၂၀ မတ် ၂၀၁၆ နှင့် လုဦး ဘလော့ဂ်စာမျက်နှာ၊ "Burma Army's MRLS or Multi Rocket Launcher Systems"၊ ၂၃ မတ် ၂၀၁၄။

၁၃၅။ Landmine and Cluster Munition Monitor၊ "Briefing Paper: Cluster Munition Production and Use in Myanmar/Burma"၊ ၃၁ ဩဂုတ် ၂၀၂၃။

၁၃၆။ အမည်မဖော်ရန် တောင်းဆိုခဲ့သော ဒေသတွင်းသတင်းရင်းမြစ်မှ Monitor သို့ မျှဝေခဲ့သည့် သတင်းအချက်အလက်၊ ၁၂ ဇူလိုင် ၂၀၂၄။

၁၃၇။ ဂျီနီဗာမြို့ UN ဆိုင်ရာ မြန်မာ အမြဲတမ်းအဖွဲ့၊ "Myanmar's Observations on the report entitled 'Situation of Human Rights in Myanmar'"၊ ၁၅ မတ် ၂၀၂၄။

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် လှုပ်ရှားနေသော NSAG တစ်ခုဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကချင်ပြည်နယ်၊ လိုင်ဇာမြို့အနီး၌ ခေတ်ပေါ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များနှင့် ဒီဇိုင်းဆင်တူသော လက်နက်ဟောင်းတစ်ခုကို တပ်မတော်က အသုံးပြုခဲ့သည်ဟု စွပ်စွဲခဲ့သည်။[၁၃၈]

Human Rights Watch (HRW) က လေ့လာသုံးသပ်ထားသော ဓာတ်ပုံများတွင် တွေ့ရသည့် "အဒက်တာ (adapter)" တစ်ခုနှင့် ပေါင် ၂၀ အလေးချိန်ရှိ အစထွက်လူသတ်ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်အရ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနိုင်ကြောင်း Monitor က တွေ့ရှိခဲ့သည်။

ယခင် ၂၀၀၉ ခုနှစ်တွင် ကွန်ဗင်းရှင်းဆိုင်ရာ ဒေသတွင်း အစည်းအဝေးတစ်ခု၌ မြန်မာနိုင်ငံက "ကျွန်ုပ်တို့သည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ အခြားနည်းလမ်းဖြင့် ရယူခြင်း၊ ထိန်းသိမ်းထားခြင်း သို့မဟုတ် မည်သူ့ကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးခြင်း မရှိသလို၊ ဤကွန်ဗင်းရှင်းအောက်တွင် တားမြစ်ထားသော မည်သည့်လှုပ်ရှားမှုမျိုးကိုမဆို လုပ်ဆောင်ရန် မည်သူ့ကိုမျှ ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း မရှိပါ" ဟု ပြောကြားခဲ့သည်။[၁၄၀]

## အသုံးပြုမှု

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များအသုံးပြုမှုကို ငြင်းဆိုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တပ်မတော်၏စစ်ဆင်ရေးများတွင် "ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို မည်သည့်အခါမျှ အသုံးပြုခဲ့ခြင်း မရှိကြောင်း" မြန်မာနိုင်ငံက UNGA ၌ ပြောကြားခဲ့သည်။[၁၄၁]

မြန်မာ့တပ်မတော်သည် ၂၀၂၂ ခုနှစ်မှစ၍ နိုင်ငံ၏ နေရာအများအပြားရှိ တိုက်ခိုက်မှုများတွင် ပြည်တွင်းဖြစ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တစ်မျိုးကို အသုံးပြုခဲ့ကြောင်း ညွှန်ပြသည့် အထောက်အထားများ ထွက်ပေါ်လာသည်။ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ ပါဝင်ပတ်သက်နေသော တိုက်ခိုက်မှုများကို ၂၀၂၅ ခုနှစ်တွင်လည်း ဆက်လက်သတင်းပို့ခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ပိုင်ကျုံရွာရှိ စာသင်ကျောင်း တစ်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခဲ့သည်ဟု စွပ်စွဲခံထားရသည်။[၁၄၂]
၂၀၂၅ ခုနှစ် မေလ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အိုးထိန်းရွာရှိ စာသင် ကျောင်းတစ်ကျောင်းအား တိုက်ခိုက်ရာတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာ စစ်တပ်က ယင်းစွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။[၁၄၃]

---

၁၃၈။ "Burma army allegedly uses cluster bombs to take KIO position"၊ Burma News International (BNI)၊ ၂၈ ဇန်နဝါရီ ၂၀၁၃။ ၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် Kachin National Council (KNC) ၏ လက်ထောက်အတွင်းဝန်မှ အမည်မသိ ဝေဟင်ပစ်ဗုံးအမျိုးအစားကို ပြသထားသည့်ဓာတ်ပုံများအား CMC သို့ ပေးပို့ခဲ့သည်။ ယင်းအကြောင်းနှင့်စပ်လျဉ်း၍ KIA ၏ ဗျူဟာမြောက်ကင်းစခန်းများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့အတွင်းတွင် မြန်မာ့လေတပ်မှ လေကြောင်းတိုက်ခိုက်ခဲ့စဉ် ဒုတိယကမ္ဘာစစ် ပေါင် ၂၀ အစထွက်ပေါက်ကွဲဗုံးများကို အသုံးပြုခဲ့ကြောင်း အတည်ပြုခဲ့သည်။ KNC ၏အဆိုအရ ယခင်က မြန်မာ ပြည်တွင်းစစ်တွင် အဆိုပါအမျိုးအစားကို မည်သည့်အခါမှ အသုံးပြုခဲ့ခြင်း မရှိပါ။ ခွန်ထွယ်၊ လက်ထောက်အတွင်းဝန်၊ KNC၊ မှ CMCသို့ ပေးပို့ခဲ့သည့် အီးမေးလ်တွင်ပါဝင်သော ဓာတ်ပုံများ၊ ၁၉ ဧပြီ ၂၀၁၃။

၁၃၉။ မြန်မာအစိုးရတပ်ဖွဲ့များမှ အစထွက်လူသတ်ဗုံးခြောက်လုံးအား အဒက်တာတွင် တပ်ဆင်ပြီးနောက် ဝေဟင်မှ ပစ်ချသည့်အခါတွင် ပစ်စင်မှ ပြန့်ကွဲသွားကြောင်း အထောက်အထားများ ရှိသည်။ ဓာတ်ပုံများတွင် အမေရိကန် (US)မှထုတ်လုပ်သော M1 cluster အဒက်တာနှင့် ပုံစံဆင်တူသည့် သတ္တုပြွန်သဏ္ဌာန် ပစ်စင်ကို ပြသထားသည်။ အစထွက်လူသတ်ဗုံးအသေးများမှာ ဒုတိယကမ္ဘာစစ်ကာလ လက်နက်ခဲယမ်းများထက် ပိုမိုခေတ်မီသော ဒီဇိုင်းဖြင့် ပြုလုပ်ထားသည်။ အမည်မဖော်ရန် တောင်းဆိုခဲ့သော တပ်မတော်အရာရှိတစ်ဦးမှ လက်နက်ခဲယမ်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း Monitor သို့ အတည်ပြုခဲ့သည်။ လက်နက်များပေါ်တွင် မြန်မာ့တပ်မတော်မှ အမှတ်အသားများကို အသုံးပြုခဲ့ကြောင်းလည်း တပ်မတော်အမြောက်တပ်ဖွဲ့မှ အရာရှိဟောင်းတစ်ဦးက အတည်ပြုခဲ့သည်။

၁၄၀။ ရဲမင်းသိန်း၏ ထုတ်ပြန်ချက်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ Regional Conference on the Promotion and Universalization of the Convention on Cluster Munitions၊ Bali၊ ၁၆ နိုဝင်ဘာ ၂၀၀၉။

၁၄၁။ Statement of Myanmar၊ UNGA First Committee on Disarmament and International Security၊ New York၊ ၁၅ အောက်တိုဘာ ၂၀၁၅။

၁၄၂။ "Myanmar Junta Accused of Using Cluster Bombs in Deadly Attack on Karen Village School"၊ ဧရာဝတီ၊ ၁၁ ဇွန် ၂၀၂၅။

၁၄၃။ ဂရန့်ပက်ခ်၊ "Funerals Held in Myanmar for Pupils and Teachers killed in airstrike on school"၊ Associated Press (AP)၊ ၁၃ မေ ၂၀၂၅ နှင့် "False air-strike reports spread by malicious media"၊ The Global New Light of Myanmar၊ ၁၃ မေ ၂၀၂၅။

၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ အောက်ချိုင်ရွာအား တိုက်ခိုက်မှု အပါအဝင် ၂၀၂၄ ခုနှစ်အတွင်း တိုက်ခိုက်မှု အများအပြားတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခဲ့ကြောင်း စွပ်စွဲခံထားရပြီး ယင်းကို မြန်မာစစ်တပ်က ငြင်းဆိုခဲ့သည်။[၁၄၄]

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ သာပြည်ကန်ရွာအား လေကြောင်းတိုက်ခိုက်မှု၏ နောက်ဆက်တွဲ ဓာတ်ပုံများတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက် အကြွင်းအကျန်များကို တွေ့မြင်ရသည်။[၁၄၅]

## ယခင် အသုံးပြုမှုများ

မြန်မာ့လေတပ်သည် ၂၀၂၂ ခုနှစ် နှစ်လယ်မှစ၍ ချင်း၊ ကယား၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များ၊ နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေကြောင်းတိုက်ခိုက်မှုများ၌ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခဲ့သည်။
ဥပမာအားဖြင့် -

- ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်ရှိ နေအိမ်များကို ပျက်စီးစေခဲ့သော တိုက်ခိုက်မှုတစ်ခု၌ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အသုံးပြုခဲ့သည်။ Amnesty International ၏ စုံစမ်းစစ်ဆေးမှုအရ အဆိုပါ တိုက်ခိုက်မှုကြောင့် ဒေသခံတစ်ဦး သေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စွပ်စွဲထားသည်။[၁၄၆]
- ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကတုံးရွာအား လေကြောင်း တိုက်ခိုက်မှု၏ နောက်ဆက်တွဲ ဓာတ်ပုံများတွင် ပျက်စီးသွားသော စာသင်ကျောင်း၌ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက် အကြွင်းအကျန်များကို တွေ့ရသည်။[၁၄၇]
- ၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ ဆောင်ဖွေးရွာရှိ ဆေးရုံအား မြန်မာ့လေတပ်က တိုက်ခိုက်ပြီးနောက် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာ အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး လူ ၅ ဦး ဒဏ်ရာရရှိခဲ့သည်။[၁၄၈] ထိုနေ့တွင်ပင် မြန်မာ့လေတပ်သည် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မယ်ကနယ်ရွာအနီးတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တစ်လုံး ပစ်ချခဲ့ရာ အရပ်သား ၄ ဦး ဒဏ်ရာရရှိခဲ့သည်။[၁၄၉]
- ၂၀၂၃ ခုနှစ် ဧပြီလတွင် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၌ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဖြင့် တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ Amnesty International ၏ အဆိုအရ၊ အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင်လ လေကြောင်းတိုက်ခိုက်မှုအပြီး အဆိုပါမြို့နယ်တွင်ပင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက် အကြွင်းအကျန်များကို စောစီးစွာက တွေ့ရှိခဲ့ရဖူးသည်။[၁၅၀]
- ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ မတ်လ ၇ ရက်အတွင်း၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ ကုန်းသာ၊ နန်းမယ်ခုံနှင့် ဝါရီဆူးပလိုင် ရွာ ၃ ရွာအနီး မြန်မာ့လေတပ်၏ တိုက်ခိုက်မှုများကို မြင်တွေ့ခဲ့ရသော မျက်မြင်သက်သေများက ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များအသုံးပြုမှုကို ညွှန်ပြနေသည့် ပေါက်ကွဲမှုအများအပြားကို ကြားခဲ့ရကြောင်းနှင့် နောက်ပိုင်းတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်အကြွင်းအကျန်များကို တွေ့ရှိခဲ့ကြောင်း သတင်းပို့ခဲ့သည်။[၁၅၁]

၁၄၄။ ကြည့်ရန်၊ "Regime accused of using cluster bombs in Arakan State"၊ Development Media Group (DMG)၊ ၁၂ အောက်တိုဘာ ၂၀၂၄ ။ ဘရိုင်ယန် ဝေ၊ "Myanmar Junta Airstrikes Kill 13 Civilians After Defeat in Mandalay Township"၊ ဧရာဝတီ၊ ၅ ဩဂုတ် ၂၀၂၄ နှင့် "Subversive media circulate misinformation about Aukchai village in Mindat"၊ The Global New Light of Myanmar၊ ၇ ဧပြီ ၂၀၂၄။

၁၄၅။ နိုရဋ္ဌရာသတင်း Facebook post၊ ၈ ဇန်နဝါရီ ၂၀၂၄။

၁၄၆။ Amnesty International၊ "Myanmar: Military should be investigated for war crimes in response to 'Operation 1207'"၊ ၂၁ ဒီဇင်ဘာ ၂၀၂၃။

၁၄၇။ ကရင်အမျိုးသားအစည်းအရုံး Facebook post၊ ၇ ဇွန် ၂၀၂၃ နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) အရာရှိတစ်ဦးမှ Signal မှတဆင့် နောက်ဆက်တွဲ စာပေးစာယူ၊ ၂၀ ဇွန် ၂၀၂၃။ KNLA အရာရှိမှ အမည်မဖော်ပြရန် တောင်းဆိုခဲ့သည်။

၁၄၈။ ထိခိုက်သေဆုံးမှုများသည် တိုက်ခိုက်မှုတစ်ခုတည်းတွင် အသုံးပြုခဲ့သော အခြားလက်နက်များကြောင့် ဖြစ်နိုင်သော်လည်း ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာ၏ အကျိုးဆက်ကြောင့်သာ ဖြစ်နိုင်သည်။ Karenni Human Rights Group (KHRG) Facebook post၊ ၂၅ ဧပြီ ၂၀၂၃ နှင့် KHRG နှင့် Monitor တို့ကြား အပြန်အလှန်အီးမေးလ်၊ ၂၀၂၃။

၁၄၉။ KNLA အရာရှိမှ Signal မှတဆင့် Monitor သို့ပေးပို့လာသော ဓာတ်ပုံသက်သေ၊ ၈-၁၁ မေ ၂၀၂၃။ KNLA အရာရှိမှ အမည်မဖော်ပြရန် တောင်းဆိုခဲ့သည်။

၁၅၀။ Amnesty International၊ "Deadly Cargo: Exposing the Supply Chain that Fuels War Crimes in Myanmar"၊ ၃ နိုဝင်ဘာ ၂၀၂၂၊ စာမျက်နှာ ၂၈-၂၉။ ကယားပြည်နယ် လေကြောင်းတိုက်ခိုက်မှုအပြီးတွင် မှတ်တမ်းတင်ထားခဲ့သော 'splatter' ပုံစံအား Monitor မှ မော်တာတိုက်ခိုက်မှုအဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းအား ဝေဟင်မှကြဲချလည့် အတွဲလိုက်ဗုံးမှ ကျည်ဆန်တစ်ခုဟု အစီရင်ခံစာတွင် ယူဆထားခဲ့သည်။

၁၅၁။ ဒေးဗစ် ယူဘန့်စ်၊ တည်ထောင်သူ၊ Free Burma Rangers (FBR)၊ နှင့် အပြန်အလှန်အီးမေးလ်၊ ၂၁-၂၃ မေ ၂၀၂၃။

- ၂၀၂၂ ခုနှစ် မေလတွင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးနှင့် မင်းကင်းမြို့နယ်များ၌ မေလ ၁၄၊ ၁၅ နှင့် ၂၀ ရက်နေ့များတွင် တိုက်ခိုက်မှုများမှ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အကြွင်းအကျန်ပုံများကို ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။[၁၅၂]
- ၂၀၂၂ ခုနှစ် ဧပြီလတွင်၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ပလူးကျေးရွာအုပ်စု၌ တိုက်ခိုက်မှုတစ်ခုတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တစ်လုံးကို အသုံးပြုခဲ့သည်။[၁၅၃]

၂၀၂၄ ခုနှစ် မတ်လတွင် ထုတ်ဝေသော မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Thomas H. Andrews ၏ အစီရင်ခံစာတွင် "ဓာတ်ပုံနှင့် ဗီဒီယို အထောက်အထားများအရ ၁၀၂၇ စစ်ဆင်ရေး ကာလအတွင်း အပါအဝင် မြန်မာစစ်တပ်၏ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ ဆက်လက်အသုံးပြုမှုကို ညွှန်ပြနေသည်။ ပင်ကိုသဘောအားဖြင့် ခွဲခြားခြင်းမရှိသော လက်နက်များဖြစ်သည့် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များကို အရပ်သားများ နေထိုင်ရာဒေသများတွင် စစ်တပ်က အသုံးပြုခြင်းသည် စစ်ရာဇဝတ်မှု မြောက်နိုင်ဖွယ်ရှိသည်" ဟု မှတ်ချက်ပြုထားသည်။

ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့က အစီရင်ခံစာကို တုံ့ပြန်သည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး၊ ၎င်းသည် "အစိုးရ၏ ဂုဏ်သိက္ခာကျဆင်းစေရန် နောက်ထပ် လုပ်ဆောင်ချက်တစ်ခု" ဖြစ်ကြောင်း ပြောကြားခဲ့သည်။[၁၅၅] မြန်မာနိုင်ငံသည် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကို မငြင်းဆိုခဲ့သော်လည်း၊ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အသုံးပြုခြင်းကို ငြင်းဆိုခဲ့ပြီး "ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အသုံးပြုသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍၊ မြန်မာနိုင်ငံက အသုံးပြုသော ခဲယမ်းများသည် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များဆိုင်ရာသဘောတူစာချုပ်က သတ်မှတ်ထားသော ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်လက္ခဏာရပ်များထဲတွင် အကျုံးမဝင်ပါ" ဟု ပြောကြားခဲ့သည်။

## ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အကြွင်းအကျန် အန္တရာယ်ရှိမှု

Monitor သတင်းအချက်အလက်များအရ၊ မြန်မာ့တပ်မတော်သည် အနည်းဆုံး ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံ၏ နေရာအများအပြားရှိ တိုက်ခိုက်မှုများတွင် ပြည်တွင်းဖြစ် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်တမျိုးကို အသုံးပြုခဲ့ပြီး၊ ထိုအချိန်မှစ၍ တိုက်ခိုက်မှုများကို ပုံမှန်မှတ်တမ်းတင်ခဲ့သည်။[၁၅၆] သို့သော် မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်များ အကြွင်းအကျန် အန္တရာယ်ရှိမှု အတိုင်းအတာကို မသိရသေးပါ။[၁၅၇]

---

၁၅၂။ "Military Council attacks with devastating, domestically produced bombs in Sagaing"၊ ဧရာဝတီ၊ ၃၁ မေ ၂၀၂၂။

၁၅၃။ KHRG၊ "Bombs and Bullets Like Rain: Air strikes in the 'peace town' and places of refuge in Dooplaya District, December 2021 to May 2022"၊ ၂၃ ဒီဇင်ဘာ ၂၀၂၂။ ပေါက်ကွဲမှုအပြီး ကျန်ခဲ့သော အတွဲလိုက်ဗုံး၏ အမြီး၊ နှုတ်သီးနှင့် ကိုယ်ထည်အပျက် ဓာတ်ပုံများကို ကြည့်ရန်၊ စာမျက်နှာ ၁၀။ ဗုံးအမျိုးအစားကိုမူ KHRG မှ ခွဲခြားသတ်မှတ်ထားခြင်းမရှိပါ။

၁၅၄။ UN Human Rights Council၊ "Report on the situation of human rights in Myanmar by Special Rapporteur on the situation of human rights in Myanmar, Thomas H. Andrews"၊ A/HRC/55/65၊ ၂၀ မတ် ၂၀၂၄။

၁၅၅။ ဂျီနီဗာမြို့ UN ဆိုင်ရာ မြန်မာ အမြဲတမ်းအဖွဲ့၊ "Myanmar's Observations on the report entitled 'Situation of Human Rights in Myanmar'"၊ ၁၅ မတ် ၂၀၂၄။

၁၅၆။ Landmine and Cluster Munition Monitor, "Landmine Monitor Myanmar/Burma Country Report December 2024"၊ ဒီဇင်ဘာ ၂၀၂၄၊ စာမျက်နှာ ၁၅။ Cluster Munition Coalition, "Cluster Munition Monitor 2025"၊ စက်တင်ဘာ ၂၀၂၅၊ စာမျက်နှာ ၁၉-၂၀။ ဧရာဝတီ၊ "Myanmar Junta Accused of Using Cluster Bombs in Deadly Attack on Karen Village School"၊ ဧရာဝတီ သတင်းလွှာ၊ ၁၁ ဇွန် ၂၀၂၅ နှင့် Landmine and Cluster Munition Monitor၊ "Briefing Paper: Cluster Munition Production and Use in Myanmar/Burma"၊ ဩဂုတ် ၂၀၂၃။

၁၅၇။ Cluster Munition Coalition, "Cluster Munition Monitor 2025"၊ စက်တင်ဘာ ၂၀၂၅၊ စာမျက်နှာ ၆၃။